ခေတ် ၆ ပါးသိမ်းဆည်းပုံကျမ်း

မန္တလေးမြို့ အနောက်ဘက်

မင်းကွန်းတောင်ရိုး

ပဥ္စမ ဓမ္မနုဘဒ ဆရာတော်ဘုရားကြီး

ရေးသားထားခဲ့သော

ဓာတ် ၆-ပါး သိမ်းဆည်းပုံ

ကျမ်း

ဦးကြည်ညွန့်

အမှတ်-၂၃၊ ကျောနှင့်လမ်း၊ မြေနီကုန်း

စမ်းချောင်း[illegible]ကုန်မြို့။

တိပိဋကဓရ ဆရာတော်ဘုရား၏ ဓမ္မကထာ

ဓမ္မသံဝေဂ ဂါထာလင်္ကာများ

အဓိပ္ပါယ်ရှင်းလင်းချက်များ

မန္တလေးမြို့ အနောက်ဘက် ၁၉၇၂၁၀
မင်းကွန်းတောင်ရိုး

ပဌမ ဓမ္မနာဒ ဆရာတော်ဘုရားကြီး
ရေးသားထားခဲ့သော

ဓာတ်ဗ-ပါးသိမ်းဆည်းပုံကျမ်း

နှင့်
နောက်ဆက်တွဲပါ
တိပိဋကဓရ ဆရာတော်ဘုရား၏ဓမ္မကထာ

ဓမ္မ သံဝေဂ ဂါထာလင်္ကာများ
အဓိပ္ပါယ်ရှင်းလင်းချက်ကဏ္ဍ

ရှေးဦးစွာ ဤစာအုပ်ပါ ကျက်မှတ်ရန် ဆောင်ပုဒ်များကို နှုတ်တက်ရအောင် ဆောင်ကြပြီး ခက်ခဲ နက်နဲသည့် အနက် အဓိပ္ပါယ်များကို တွေ့ရှိပါက ပညာရှိများထံ အဖန်ဖန် နည်းခံ မှတ်သားလျက်—

ရုပ်တရား,နာမ်တရားတို့ကို
ဝိပဿနာဉာဏ်ပညာဖြင့်
ပိုင်းခြားထင်ထင် ကျင့်ကြံ သိမြင်နိုင်ကြပါစေ။

ကျင့်ကြံဆဲ ကာလ

ဆင်ခြင်ပွားများ သတိဖြစ်ဘွယ်ရာများ
ဖြစ်သည့် နောက်ဆက်တွဲပါ၊ **တိပိဋကဓရ** ဆရာတော်ဘုရား **အကျယ်ဖွင့်ပြ ဟောကြားထားသော** ဓမ္မကထာ, ဓမ္မသံဝေဂ ဂါထာလင်္ကာများကိုလည်း ဆင်ခြင်ပွားများ ကြိုးစားအားထုတ် နိုင်ကြပါစေသတည်း။

၁၃၃၄-ခု၊ နတ်တော်လ

ပဌမ ဓမ္မနာဒ ဆရာတော် ဦးပညာဝက္ကမဒထေရ် ပုံတော်
(ဓာတ်ပုံရိုက်ကူးသောနှစ် ၁၂၉၂-ခု)

နိဒါန်း

ဤစာစောင်ကျမ်းငယ် ဖြစ်ပေါ်လာရပုံအကြောင်းရင်း

နမော ဗုဒ္ဓါယ။ ဤ "ခေတ်ဇ-ပါး သိမ်းဆည်းပုံ" စာစောင် (သိဒ္ဓမ်) ကျမ်းငယ်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို အကျဉ်းမျှဖော်ပြလိုပါသည်မှာ-

ကောဇာသက္ကရာဇ် ၁၂၉၇-ခုနှစ် နှောင်းတပေါင်းလတွင် မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက် ပဥ္စမ ဆရာတော်ဘုရား (ဦးပညာစက္ကမထေရ်)၏ကိုယ်ဝယ် အသက်ကိုပင်ချွေမည့် ဗိဝိတ ပရိယာဒါန လည်းပင်းရောဂါ စွဲကပ်လာလေသည်။

ဆရာတော်သည် ၁၂၉၉-ခု နှစ် ဦးတန်ခူးလတွင် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် "သီရိဝေပုလ္လဘိက်ကျောင်း" သို့ကြွရောက်သီတင်းသုံး၍ မန္တလေးမှ မြန်မာအင်္ဂလိပ်ဆေးပညာရှင်ဆရာတို့၏ အကုအသကို ခံတော်မူရသည်၊ ဆရာတော်နှင့် ဆေးဆရာကြီးတို့သည် အကုအသခံမှု၊ ကုသမှုပြုကြသော်လည်း ခန္ဓာကိုယ်အပေါ်၌ ပြုရမည့် ဝတ္တရား အရသာ ပြုကြခြင်းဖြစ်သည်၊ မျှော်လင့်ချက်ကား လုံးဝမရှိကြပါပေ။

ဆရာတော်သည် ထိုအသက်ကို ချွေမည့်ရောဂါ စွဲကပ်သည်မှအစ အသက်ကြွေသည့် ၁၂၉၉-ခုနှစ် တော်သလင်း

နိဒါန်း

လပြည့်ကျော် ၉-ရက်နေ့ အထိ ရောဂါကြောင့် မျက်နှာရှုံ့မဲ့ ဖောက်ပြန်ခြင်း အလျဉ်းမရှိပဲ အဓိဝါသန ခန္တီနှလုံးအမြဲသုံး တော်မူပါသည်၊ ထို့ကြောင့်ပင် ဆရာတော်အထံသို့ သူနာမေး ရောက်ကြတိုင်းသော ရဟန်းရှင်လူ အပေါင်းတို့သည် အံ့ဩ ကြည်ညိုကြရုံမျှမက သနားကရုဏာ ပို၍ပို၍ လာကြလေသည်။

ဆရာတော်၏ ရောဂါဒဏ်ကို ကြံ့ကြံ့ သည်းခံနိုင်ပုံကို မြင်ရ၍ ကင်းဝန် မင်းကြီးတိုက် "သိရိဝေပုလ္လ တိုက်ကျောင်း ဆရာတော်" အရှင်ဇာဂရ မထေရ်သည် ဤမျှ ပြင်းထန်သည့် ရောဂါဒဏ်ကို ညည်းတွားပင်ပန်းမှုမရှိ ပကတိ သည်းခံနိုင်သော ဆရာတော်၏သန္တာန်ဝယ် အထူးနှလုံးသွင်းအပ်သည့် တရားများ မုချကေန်ရှိရမည်ဟု ယုံကြည်အားကိုးစွာဖြင့် ဆရာတော်အား "တပည့်တော်များ အသက်ထက်ဆုံး နှလုံးသွင်း၍ ကောင်းမည့် တရားကို ညွှန်ကြားတော်မူပါဘုရား"ဟု လျှောက်ထားတောင်း ပန်လေသည်။

ထိုအခါ ဆရာတော်သည် နှုတ်မြွက်၍ အကျယ်တဝင့် ဟောပြရန် ရောဂါက အခြေအနေ မပေးသဖြင့် "ဦးဇာဂရ.... ဗလာစာအုပ်တခု ပေးပါ"ဟု မိန့်မြွက်တောင်းယူကာ ရောဂါ နှိပ်စက်မှုကို လျစ်လျူရှု၍ ဤ"ခါတ် ၆-ပါးသိမ်းဆည်းပုံ"ဟူ သော စာစောင်ကျမ်းငယ်ကို ရေးသားတော်မူပါတော့သည်။

ထိုစာစောင်ကျမ်းငယ်မှာ စာနေကျဉ်းသလောက်အနက် အဓိပ္ပါယ် ကျယ်ဝန်းနက်နဲ လှပါဘိသည်၊ (အခါအခွင့်ရလျှင် အနက်အဓိပ္ပါယ် အဖွင့်ကိုပါ ရေးသားရန် ရည်သန်ချက်ရှိပါ

နိဒါန်း

သည့်) ဆရာတော်ကိုယ်တိုင်ကပင် အဘိဓမ္မာ မူလဋီကာကျမ်း, သဒ္ဒါဖက်ဆိုင်ရာ မောဂ္ဂလ္လာန် ဗျာကရုဏ်းကျမ်းတို့ကို အထူး နှစ်သက်တော်မူသည့် သံခိတ္တရုစိပုဂ္ဂိုလ်မြတ် ဖြိုဖြို ဤစာစောင် ကျမ်းငယ်ကို ရေးသားရာ၌လည်း စာနေကျဉ်းကျဉ်းနှင့် အနက် အဓိပ္ပါယ် ပြည့်ကြွယ်နက်နဲသည့် တရားလုံးတို့ကို စကားအသုံး တိုတိုကျဉ်းကျဉ်းဖြင့် ရေးသားတော်မူခဲ့ပါသည်။

ယခုအခါ ရန်ကုန်မြို့သမိုင်းဝိပဿနာပြန့်ပွားရေးအဖွဲ့ဝင် ဒါယကာ ဦးသန်းအောင်က ထိုစာစောင်ကျမ်းငယ်ကို မဓဒါန ပြုလိုပါကြောင်း တောင်းပန်လျှောက်ထားသဖြင့် စာအုပ်ငယ် အဖြစ်သို့ တကြိမ်မျှသာ ရောက်ဖူးသေးသော နိဒါန်းနှင့်တကွ ဤ"ပဌမဓမ္မနာဒဆရာတော်၏ ဓာတ်ဖြ-ပါးသိမ်းဆည်းပုံ" စာ စောင်ကျမ်းငယ်ကို တည်းဖြတ် သန့်စင်၍ ပုံနှိပ်ရန် ပေးအပ် လိုက်ပါသည်။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

၇-၇-၇၂

အမှားပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	အမှား	အမှန်
၆	၅	ဝ=ဝတ္ထာန်	ဝဝတ္ထာန်
၁၆	၁	အတ္တ=ဘော	အတ္တဘော
၁၇	၄	״ ״	״ ״
၁၈	၁၉	״ ״	״ ״
၁၉	၂၀	အတီ=တေ	အတီတေ
၂၃	၆	ယူဆတ်	ယူတတ်
၃၈	၁၆	အနှစ်လေးငါး	အနှစ်လေးပါး
၆၄	၂၂	ဗြန်းကနဲ	ဗြုန်းကနဲ
၆၆	၂၀	မြော်ရှုထောက်	မြော်ထောက်ရှု
၆၈	၅	မြင်ရှည်	မြင့်ရှည်
၇၆	၂၃	သောအံ	သောကံ
၇၉	၉	မစ္ဆိမ	ပစ္ဆိမ
၇၉	၁၇	သုဝါစာ	သုဝစာ
၈၀	၇	သုဝါစာ	သုဝစာ
၈၈	၂၀	အထူးသို့	အထူးတို့
၈၉	၅	ဝါယုနှာ နတ္တဘော	ဂါယုနှာနတ္တဘော
၉၀	၈	နှောင်းတတ်	နှောင်းတက်
၉၁	၁	ပြောင်းလှဲ	ပြောင်းလဲ
၉၄	၂၂	ပရမတ္တ	ပရမတ္ထ
၉၅	၁၀	ဓမ္မသင်္ဂဏိ	ဓမ္မသင်္ဂဏီ

ခေါင်းစည်းများပြင်ဆင်ချက်

စာမျက်နှာ ၃၅-မှ ၄၇-ထိ (လက်ျာဘက် စာမျက်နှာများတွင်) "ရုပ်နာမ်ရှုနည်း အဖွင့်တရားတော်"ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ခေတ် ၆-ပါး သိမ်းဆည်းပုံ	၁
၂။	သဏ္ဍာန်ဖျောက်နည်း	၂
၃။	ဃန လေးပါး	၂
၄။	သမူဟဃန ဖြိုနည်း	၃
၅။	သန္တတိဃန ဖြိုနည်း	၈
၆။	ကိစ္စဃန ဖြိုနည်း	၁၁
၇။	အာရမ္မဏဃန ဖြိုနည်း	၁၂
၈။	နာမ်ရုပ်ကို သရက်ပင် ဥပမာဖြင့်ပြခြင်း	၁၅
၉။	အကြောင်းအကျိုးခွဲခြားပြခြင်း	၁၉
၁၀။	ရုပ်နာမ်ကို လှေ-ဥပမာဖြင့် ပြခြင်း	၂၀
၁၁။	သွားခြင်း, ရပ်ခြင်းစသည် ဣရိယာပုထ်၄-ပါးပြလင်္ကာ	၂၂
၁၂။	ပညတ်-ပရမတ်နှင့် လှည်းဥပမာ	၂၅
၁၃။	နောက်ဆက်တွဲ	၂၈
၁၄။	ရုပ်နာမ်ရှုနည်း တရားတော်	၃၁
၁၅။	ပဌမ ဓမ္မနာဒဆရာတော်၏ တရားဂါထာ	၃၂
၁၆။	တိပိဋကဓရ ဆရာတော်၏ တရားဂါထာ	၃၃
၁၇။	ဇာတိ ဇရာ မရဏ (ရန်သူ ၃-ယောက် ဥပမာ)	၄၂

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ဝိပဿနာဉာဏ်ဆယ်ပါး	၄၄
၁၉။	မဟာသာရောပမသုတ္တန်လာ သစ်ပင်ဥပမာ အနှစ်ပြတရား	၅၄
၂၀။	အနှစ်၄-ပါးပြ ဂါထာပါဠိ အနက်	၅၆
၂၁။	အရဟံဂုဏ်တော် ပုတီးစိပ်	၆၁
၂၂။	မေတ္တာဘာဝနာ ပွားများနည်း	၆၂
၂၃။	ဝိပဿနာဘာဝနာ ဓမ္မသံဝေဂလင်္ကာ	၆၄
၂၄။	ခန္ဓာငါးပါး ဝိပဿနာ တရားလင်္ကာ	၆၅
၂၅။	အာယတန တဆယ့်နှစ်ပါး	၆၆
၂၆။	ဓာတ်တဆယ့်ရှစ်ပါး	၆၈
၂၇။	အပ္ပမာဒသံဝေဂလင်္ကာ	၇၁
၂၈။	ကိသာဂေါတမီ မျက်ရည်သိမ်းသံဝေဂလင်္ကာ	၇၁
၂၉။	နာမ်ရုပ်ပိုင်းခြား၍ ဝိပဿနာတင်ရန် လင်္ကာ	၇၂
၃၀။	စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ	၇၃
၃၁။	တောလေးဆယ်ခေါ် ဘာဝနာလေးဆယ်ပါဠိအနက်	၇၄
၃၂။	နာထတရား မှီခိုအားထားရာ တရားဆယ်ပါး	၇၉
၃၃။	ထိန မိဒ္ဓ (ငိုက်မျည်းခြင်း) ပယ်ဖျောက်ကြောင်းတရား	၈၁
၃၄။	အဓိပ္ပါယ်ရှင်းလင်းချက် ကဏ္ဍ	၈၅
၃၅။	ဿန လေးပါး ရှင်းလင်းချက်	၉၂

ဒုတိယ ဓမ္မနာဒဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဦးဝိစိတ္တသာရာဘိဝံသ ပုံတော်

ပဌမ မိုးကုတ်ဆရာတော်
၏
ခတ်-ဖြ-ပါ:သိမ်းဆည်းပုံ

နမော တဿ ဗုဒ္ဓ ဝိရ+တ္ထု။

ပရမတ္ထ ဟူသမျှ မရဒြဗ်ကိုယ်။

ပရမတ္ထ, တရားမှန်သမျှ ဒြဗ်ဟူလျှင် မြူကိုမျှ မရှိအပ်၊ ပရမတ်သို့ ဆိုက်ရောက်အောင် ကြည့်ရှုလိုလျှင် အလုံး, အခဲ, အရှည်, အတို, အပု, အဝိုင်း စသော စိတ်၌ ထင်မြင် နေသည့် သဏ္ဌာန်များကို ပျောက်အောင် ဖျောက်ရမည်။

ဖျောက်ပုံမှာ....

ငရုပ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတိ၊ သိမြင်ဘိသို့၊
သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထကို။

ငရုပ်စေ့၌ စိတ်ဖြင့်သာတွေ့ရှိ ထင်မြင်ခံစားရသောအစပ် အရသာကိုကြည့်ရှုသိမြင်ရသကဲ့သို့၊ ပထဝီစသောပရမတ္ထသဘာဝ ဓာတ်တို့ကိုလည်း၊ သတ္တိကိုသာမြင်အောင် ကြည့်ရှုရာ၏၊ သတ္တိကို ဉာဏ်ဖြင့်တွေ့သိမှ ပရမတ္ထသို့ဆိုက်သည်၊ အလုံး, အခဲ, အရှည်, အတို, အဝိုင်း, အပု စသော သဏ္ဌာန်ကို အနည်းငယ်မျှ မထင်မြင် စေရ၊ သဏ္ဌာန်ကိုထင်မြင် နေသေးသမျှ ပရမတ္ထသို့ မဆိုက်ရောက်သေး ဟူ၍ မှတ်ယူရာ၏။

သဏ္ဍာန်ပျောက်အောင် ဖျောက်နည်းကား—

ပထဝီစသော ကသိုဏ်းတို့ဖြင့် ဈာန်ကိုရရှိပြီးသော ဈာန လာဘီ ပုဂ္ဂိုလ်သည်၊ ထိုပထဝီစသော ကသိုဏ်းအနေဖြင့် ထင် မြင်ချက်ကို မပျက် ပျက်အောင် အနည်းနည်း ပယ်ဖျောက်၍ ကောင်းကင်အာရုံ ပေါ်လာမှ ထိုကောင်းကင်အာရုံကို "**အာကာ သော အနန္တော၊ အာကာသော အနန္တော**"ဟု စိတ်၌ ကြည့်ရှု ပွားများရ သကဲ့သို့ သဏ္ဍာနပညတ် ပျောက်လိုသော ယောဂီ ပုဂ္ဂိုလ်သည်လည်း အလုံး၊ အခဲ၊ အရှည်၊ အတို၊ အပု၊ အဝိုင်း စသော သဏ္ဍာန်ကိုနှလုံးမသွင်းပဲ ဆိုလတ္တံ့သော အတိုင်း ခက်မာမှုစသော သတ္တိ ကိုသာ (ငရုပ်စေ့၏ အဝိုင်း ပြားချပ်ချပ် သဏ္ဍာန်ကို ဖျောက်ပယ်၍ အစပ်အရသာကိုကွက်၍ ဆင်ခြင်စဉ်းစားသကဲ့သို့) ရှု ဆင်ခြင်ရာသည်။

သမူဟနှင့်၊ သန္တတိမျှ၊ ကိစ္စအာရုံ၊ ဤလေးပုံ အစုံခွဲဖျက်ဖို့။

(၁) သမူဟဃန = အပေါင်းအခဲကြီး တပုံ၊
(၂) သန္တတိဃန = အစဉ်ခဲကြီး တပုံ၊
(၃) ကိစ္စဃန = ပရမတ္ထ သဘာဝတို့၏အလုပ် ကိစ္စအစုအခဲကြီး တပုံ၊
(၄) အာရမ္မဏဃန = အာရုံအစုအခဲကြီး တပုံ၊

ဤလေးပုံတို့ကို သူ့သတ္တိနှင့်သူ ပေါ်လွင်အောင် ခွဲနိုင်၊ ဖြတ်နိုင်၊ ဖျက်နိုင်စေမည်၊ဤလေးပုံကွဲပါမှ အလုံး၊ အခဲ၊ အရှည်၊ အတို၊ အပု၊ အဝိုင်း စသော သဏ္ဍာန်အနေဖြင့် ထင်မြင် နေသမျှ

ပျောက်ကွယ်၍ ပရမတ်စစ်စစ်သို့ ဆိုက်ရောက် ပေလိမ့်မည်၊ ဤ သဏ္ဌာန် ပျောက်မှ ငါ, သူတပါး, ယောကျ်ား, မိန်းမ စသော အထင်တို့ ပျောက်လိမ့်မည်။

ဤလေးပုံလေးခဲတို့တွင်–

(၁) သမူဟဃနကား ဒြဗ်ဟူသမျှနှင့် သက်ဆိုင်သည်၊
(၂) သန္တတိဃနကား ကာလနှင့် သက်ဆိုင်သည်၊
(၃) ကိစ္စဃန, (၄) အာရမ္မဏဃန တို့ကား ဒြဗ်, ကာလ, နှစ်ဌာနတို့နှင့် သက်ဆိုင်သည်ဟု အကျဉ်း မှတ်ယူရာ၏။

(၁) ထိုလေးပါးတို့တွင် သမူဟဃန,ကို ဖြိုဖျက်ရာ၌ ခန္ဓာငါးပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း၊ အာယတန တစ်ဆယ့်နှစ်ပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း၊ ဓာတ်တစ်ဆယ့်ရှစ်ပါးအနေဖြင့်ကြည့်၍ဖြိုဖျက်နည်း၊ စသည်ဖြင့် များပြားစွာရှိလေသည်၊ အဘိဓမ္မာ ပိဋကတ်, သုတ္တန်ပိဋကတ်တို့၌ ဟောတော်မူသမျှသော တရားစုတို့သည် ထို အခဲကြီးများကို ဖြိုဖျက်ရန် ဟောကြား အပ်သည့် တရားတို့ ပေ တည်း၊ အချုပ်အားဖြင့် သင်္ဂြိုဟ်ကျမ်းတကျမ်.လုံးသည်၊ ထိုဃန, ခေါ်သည့် အခဲကြီး လေးမျိုး တို့ကို ဖြိုဖျက်ရန် နည်းကောင်းကြီး ပေတည်း။ [redacted]

ထိုသို့ ဖြိုဖျက်ရန် နည်းကောင်းကြီး များစွာ တို့တွင် 'ပုက္ကုသာတိ' အရှင်အား ဟောကြားအပ်သော ဓာတ်ခြောက်ပါး အနေဖြင့်ကြည့်၍ ဖြိုဖျက်နည်းသည် မကျဉ်းမကျယ်မနည်းမများ

ဖြစ်သဖြင့် ထိုအရှင်မြတ် **အနာဂါမ်** အရိယာဖြစ်၍ သုဒ္ဓါဝါသ ဘုံသို့ ကပ်ရောက် သွားကြောင်း ကျမ်းဂန်တို့၌ လာရှိရကား၊ ယင်း **"ဓာတ်ခြောက်ပါးနည်း"**ဖြင့် ယခင် ရွေးသုံးခဲ့ (သမ္မုဟာဃန, သန္တတိဃန, ကိစ္စဃန)တို့ကို ဖြိုဖျက်ပုံ ပြပေအံ့-

ဓာတ်ခြောက်ပါး ဟူသော်ကား-

(က) ပထဝီဓာတ်၊
(ခ) အာပေါဓာတ်၊
(ဂ) တေဇောဓာတ်၊
(ဃ) ဝါယောဓာတ်၊
(င) အာကာသဓာတ်၊
(စ) ဝိညာဏဓာတ်၊ ဤခြောက်ပါးတို့တည်း။

ထိုခြောက်ပါးတို့တွင်-

ခက်မာ,ယိုစေး၊ ပူ,အေး, ထောက်ကန်၊ ရုပ်မှန်ပိုင်းဖြတ်၊
အာရုံဓာတ်ကို တပ်တပ်မြင်သိ၊ ဤသတ္တိ မှတ်ဘိလက္ခဏာ။

ဟူသောဆောင်ပုဒ်လင်္ကာအတိုင်း-

အကြမ်း, အနု၊ ခက်မာမှု သတ္တိ သည်၊ ပထဝီဓာတ်၏လက္ခဏာ သဘော၊ ယိုစေး ဖွဲ့စည်းမှုသတ္တိ သည်၊ အာပေါဓာတ်၏လက္ခဏာ သဘော၊ ပူမှု, အေးမှု၊ သတ္တိ သည်၊ တေဇောဓာတ်၏ လက္ခဏာ သဘော၊ လှုပ်ရှား ထောက်ကန်မှု သတ္တိ သည်၊ ဝါယောဓာတ်၏ လက္ခဏာ သဘော၊ ရုပ်ကလာပ်မှန်သမျှကို မရောယှက်အောင် ပိုင်းခြားကန့်သတ် ခြား၍ ဖြတ်၍ ပေးခြင်းသတ္တိ သည်၊

အာကာသဓာတ်၏ လက္ခဏာ သဘော၊ အာရုံခြောက်ပါးကို အစိုးတရ သိမြင်မှု သတ္တိ သည်၊ ဝိညာဏဓာတ်၏ လက္ခဏာ သဘော။

ဤကားလက္ခဏာ ကိုရှု၍ ဓာတ်ခြောက်ပါး ခွဲပုံတည်း။

ဆိုလိုရင်းကား....

ဤတလံမျှလောက်သော"ခန္ဓာကိုယ်"၌ စမ်းသပ်၍ကြည့်လျှင်တွေ့သိရသော အကြမ်း, အနု, ခက်မာမှု သတ္တိ သဘောမှန်သမျှသည် ပထဝီ ဓာတ်သာလျှင်ဖြစ်၏၊(ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့် ကြံဆသိရသော ယိုစေး, ဖွဲ့စည်းမှု သတ္တိ သဘော မှန်သမျှသည် အာပေါဓာတ်သာလျှင် ဖြစ်၏၊ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စမ်းသပ်၍ ကြည့်လျှင် တွေ့သိရသောပူမှု,အေးမှု, သတ္တိ သဘော မှန်သမျှသည် တေဇောဓာတ်သာလျှင် ဖြစ်၏၊ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊စမ်းသပ်၍ ကြည့်လျှင် တွေ့သိရသော လှုပ်ရှား, ထောက်ကန်မှု သတ္တိ သဘော မှန်သမျှ သည် ဝါယောဓာတ်သာလျှင် ဖြစ်၏၊ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့် ကြံဆသိရသော ရုပ်ကလာပ် တခုနှင့် တခု မရောယှက်အောင် ပိုင်းခြားကန့်သတ်ခြား၍ ဖြတ်၍ ပေးခြင်း သတ္တိ သဘောမှန်သမျှသည် အာကာသဓာတ် သာလျှင် ဖြစ်၏၊ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့်ကြံဆသိရသော အာရုံခြောက်ပါးကို အစိုးတရသိမြင်မှု သတ္တိ သဘော မှန်သမျှသည် ဝိညာဏဓာတ်သာလျှင် ဖြစ်၏၊ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)ဟူ၍ ဆိုလိုသည်။

ထိုဆိုအပ်ပြီးသော ဓာတ်ခြောက်ပါးတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယော ဤလေးပါးတို့သည် ရုပ်တရားတို့

တည်း၊ ထိုရုပ်ကြီးလေးပါး (မဟာဘုတ်ကြီးလေးပါး) တို့သည် နှစ်ဆယ့် တစ်ရုပ် (တနည်း-နှစ်ဆယ့် သုံးရုပ်) ရုပ်ကလာပ်စည်း တိုင်းမှာ အခြေခံမူလ မ,တည် အနေဖြင့် ပါလျက်ရှိကြ၏၊ ထိုရုပ်ကြီးလေးပါး (မဟာဘုတ်ကြီးလေးပါး) တို့ကို နာနာကြည့်၍ ပွားများလျှင် ဓာတုဝ=ဝဋ္ဌာန် ကမ္မဋ္ဌာန်းပေါက်ရောက်၏။

စက္ခု,သောတ, မျက်စိ အကြည်ရုပ် နား အကြည်ရုပ်စသည်တို့နှင့်တကွ ထိုရုပ်ကြီးလေးပါး သတ္တိလေးမျိုး တတွဲတတွဲ တစုတစုကို ရုပ်ကလာပ်ခေါ်၏၊ (ထင်းချောင်း အပေါင်း အစုအစည်းကို ကဋ္ဌကလာပ ထင်းစည်းဟု ခေါ်သကဲ့သို့ ရုပ်သဘာဝသတ္တိ အပေါင်းအစု အစည်းကို ရူပကလာပ, ရုပ်ကလာပ်ဟုခေါ်၏)၊ ထိုရုပ်ကလာပ်တစည်းနှင့်တစည်း သဘာဝသတ္တိချင်းမရောယှက်ဖို့ရန် အာကာသဓာတ်သည် ပိုင်းဖြတ်ကန့်သတ်လျက်တည်ရှိ၏၊ ထို့ကြောင့်သမူဟဃန,အပေါင်းအခဲကို ဖြိုဖျက်သောအခါ ထိုအာကာသဓာတ်ကို နာနာသွင်း၍ ကြည့်ရသည်၊ ထိုသို့ကြည့်နိုင်မှ အစိတ်စိတ်ကွဲပြား၍ ရုပ်သဘာဝ သတ္တိများထင်ရှားလာနိုင်သည်။ ။(ဤကား ရုပ်ဓာတ် ၅-ပါးအတွက်တည်း)။

အာရုံခြောက်ပါးကို အစိုးတရ သိမြင်မှု သတ္တိကား နာမ်ဓာတ် အတွက်တည်း၊ (အာရုံခြောက်ပါးကို အစိုးတရသိမြင်မှု သတ္တိအစုသည်၊ ဝိညာဏ်ခေါင်းဆောင်သော နာမ်တရားအစုသာဖြစ်၏၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်,ဟု နာနာကြည့်လေဟု ဆိုလိုသည်)။

ရုပ်ဓာတ်သတ္တိကလေးများသည် ပကတိ လူမျက်စိဖြင့် မမြင်ရ မမြင်နိုင်ပဲ နတ်မျက်စိဖြင့်သာ မြင်ရ မြင်နိုင်သည့် ပရမာဏုမြူကလေးတခုစာ၌ပင် ရုပ်ကလာပ်အစည်းပေါင်း(၄၉)လေး

ဆယ့်ကိုးစည်းခန့် စုဝေးနေသဖြင့် အလွန်သိမ်မွေ့သေးဖွဲ့လှပေ၏၊ ၄၉-စည်းအောက် ယုတ်လျော့လျှင် သန္တာန် မဆက်နိုင်ရာသောကြောင့်၊ ပရမာဏုမြူတခုစာ၌ ရုပ်ကလာပ်အစည်းပေါင်းအနည်းဆုံး ၄၉-စည်းခန့် စုဝေး တည်နေသည်ဟု ဆရာ့ ဆရာတော်များ ခန့်မှန်းဆုံးဖြတ်တော်မူကြလေသည်။

ဤသို့ ပြဆို အပ်ခဲ့ပြီးသော အကြမ်း, အနု, ခက်မာမှု စသော သတ္တိလေးမျိုးတို့ မူလအခြေခံ မ,တည်လျက် ရုပ်သဘာဝ သတ္တိအစုအစည်းရုပ်ကလာပ်တို့ ကလာပ် တစည်းတစည်းအားဖြင့် အစည်းပေါင်း များစွာ စုပေါင်းလျက် သန်းဦးခေါင်းလောက်, စပါးလုံး တထွာက်လောက်, လက်တသစ်လောက်, တထွာလောက်, တတောင်လောက် စသည် တိုးတက်များပြား၍ မြင့်မိုရ်တောင်လောက်, မဟာပထဝီ မြေကြီးလောက် ပေါင်းစုတည်နေသည်ကိုပင် သက်ရှိ-သဝိညာဏက အဇ္ဈတ္တ သန္တာန်၌ လက်,ခြေ, ဦးခေါင်းစသည်ဖြင့်ရှင်း၊ သက်မဲ့ အဝိညာဏက ဗဟိဒ္ဓသန္တာန်၌ တော,တောင်,ရေ,မြေ,သမုဒြာ စသည်ဖြင့်ရှင်း, အမည် ပညတ် တင်စား၍ ခေါ်ဝေါ်အပ်လေသည်၊ ပြဆိုအပ်ပြီးသော အကြမ်း, အနု, ခက်မာမှု စသော အခြေခံမူလ မ,တည်သည့် သတ္တိလေးမျိုး လေးမျိုး တို့ကို နာနာကြည့်ကုန်ရာ၏။

သက်ရှိ သက်မဲ့၊ အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန် နှစ်ရပ်လုံး၌ပင် ထိုသတ္တိလေးမျိုး လေးမျိုး တို့ကို ဉာဏ်ဖြင့် တွေ့အောင်ရှု၍ "ရုပ်တရားအစုပါတကား" ဟု နှလုံးထားပွားများရာ၏။ (ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ ဝကားပုံသေ၊ ရုပ်ခေါ်ပေ၏ ဟူသော လယ်တီ ဆရာတော်ဘုရားကြီး၏ ခန္ဓာလင်္ကာအတိုင်း အချမ်း, အပူ စသော ဆန့်ကျင်ဖက် အကြောင်းတို့ကြောင့် အကြောင်း

တရား ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း တမျိုး တမျိုး ဖောက် ဖောက် ပြန်ပြန် တွေ့တွေ့ ပြားပြား ဖြစ်ပွားတတ်သောကြောင့် ရုပ်ဟု ခေါ်သည်)။

အထူးအားဖြင့် အဇ္ဈတ္တ, သက်ရှိ သဝိညာဏက သန္တာန်၌သာ ဖြစ်ပွားတတ်သည့် ဆိုင်ရာ အာရုံခြောက်ပါးတို့ကို မြင်သိ, ကြားသိ, နံသိ, စားသိ, ထိသိ, ကြံသိ ဟူသော သိမှုသတ္တိ ခြောက်မျိုးတို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ "နာမ်တရား အစုပါ တကား" ဟု နှလုံးထား ပွားများရာ၏။

သတ္တိရှုက၊ သမူဟ-ဃန ပြို၏တည်း။

ဤသို့ ရုပ်သဘာဝ သတ္တိ၊ နာမ် သဘာဝသတ္တိ တို့ကို အဖန်ဖန် အထပ်ထပ် ရှုကြည့်က သမူဟဃန ခေါ်သော အပေါင်းခဲကြီးပြိုလေ၏၊ အပေါင်းခဲကြီးပြိုလျှင် ထိုအပေါင်းခဲကို စွဲ၍ ပညတ် ထားသည့် လက်, ခြေ, ဦးခေါင်း စသော သဏ္ဌာန် ပျောက်၍ (ထိုသဏ္ဌာန်ကို တပ်မက်သည့်) တဏှာ လောဘ မဖြစ်နိုင်ပေ။ ။

ဤကား ဓာတ်ခြောက်ပါး အားဖြင့် သမူဟဃန ကို ဖြိုနည်းတည်း။

---

(၂) သန္တတိဃန ဖြိုနည်း။ ။ရုပ်သဘာဝ သတ္တိ တစုတစုကို ရုပ်ကလာပ် တစည်းတစည်းဟုခေါ်၏၊ မြင်မှု စက္ခုဝိညာဏ် အစရှိသော စိတ်တခုတခုနှင့် ထိုစိတ်နှင့်အတူ ယှဉ်လျက် ဖြစ်ပေါ်လာသော နာမ်တရား တစုတစုကို နာမ်ကလာပ် တစည်းတစည်းဟုခေါ်၏၊ ထိုရုပ်ကလာပ် နာမ်ကလာပ်တို့သည်

ဖြစ်,တည်,ချုပ်ဟူသော မိမိတို့၏ ဆိုင်ရာ ခဏငယ် သုံးချက်သာ အသက်ရှည်ကြသော တရားတို့ ဖြစ်ကုန်၏၊ ထိုသို့ ခဏငယ် သုံးချက်မျှသာ အသက်ရှည်ကြသော ရုပ်တရား, နာမ်တရား တို့၏ အကြားမလပ် အစဉ်မပြတ် ဖြစ်ပေါ်နေခြင်းကို ရုပ်သန္တတိ, နာမ်သန္တတိ ဟူ၍ ခေါ်၏၊ (ရုပ်သန္တတိသည် ခြကြောင်း ခြရေး နှင့်တူ၍၊ နာမ်သန္တတိသည် မင်ရေး မျဉ်းကြောင်းနှင့် တူ၏)၊ ထို သန္တတိ ဖုံးအုပ်ချက်ကြောင့် အနိစ္စလက္ခဏာ မထင်ရှားဘဲ ရှိရသည်။

ရှေး ဖော်ပြရာပါ ရုပ် ဖက် ဆိုင် ရာ သတ္တိ လေး မျိုး၊ နာမ်ဖက်ဆိုင်ရာ ဝိညာဏ်ခေတ်သတ္တိများသည် လျှောင်းခြင်း ဣရိယာပုထ်အခိုက်၌ တသန္တာန်,ထိုင်ခြင်း ဣရိယာပုထ်အခိုက်၌ တသန္တာန်, ရပ်ခြင်း ဣရိယာပုထ်အခိုက်၌ တသန္တာန်,သွားခြင်း ဣရိယာပုထ်အခိုက်၌ တသန္တာန် ဖြစ်ကြကုန်၏။

လျှောင်းခြင်း ဣရိယာပုထ် အခိုက်၌ ဖြစ်ပေါ်ကြသော ရုပ်သတ္တိ, နာမ်သတ္တိ သဘာဝတို့သည် ကြွင်းသော ဣရိယာပုထ် သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ထိုင်ခြင်း ဣရိယာပုထ်အခိုက်၌ ဖြစ်ပေါ်ကြသော ရုပ်သတ္တိ, နာမ်သတ္တိ သဘာဝတို့သည် ကြွင်းသော ဣရိယာပုထ် သုံးပါး အခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ရပ်ခြင်း ဣရိယာပုထ် အခိုက်၌ ဖြစ်ပေါ်ကြသော ရုပ်သတ္တိ, နာမ်သတ္တိ သဘာဝတို့သည် ကြွင်းသော ဣရိယာပုထ် သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက် ကြလေပြီ၊ သွားခြင်း ဣရိယာပုထ်အခိုက်၌ ဖြစ်ပေါ်ကြသော ရုပ်သတ္တိ, နာမ်သတ္တိ သဘာဝ တို့သည်၊ ကြွင်းသော ဣရိယာပုထ် သုံးပါး အခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ဤသို့

ကြည့်ရှု ဆင်ခြင် သိမြင်ရာ၏၊ (ဤသို့ ဣရိယာပုထ်ကို ဦးတည်၍ ကြည့်ရှုခြင်းကား ရုပ်သန္တတိ အဓိကဖြစ်လေသည်)။

နာမ်သန္တတိကို အဓိကထား၍ ရှုလိုလျှင် အဆင်းကို မြင်သောအခိုက်, အသံကိုကြားသောအခိုက်, အနံ့ကို နမ်းရှုသောအခိုက်, အရသာကိုစားသောအခိုက်, အတွေ့ကို တွေ့ထိသိသောအခိုက်,ရုပ် နာမ် သဘောကိုကြံစည်သိရှိသောအခိုက်ဟူ၍ အခိုက်အတန့် ခြောက်ပါးထား၍ ရှုရာ၏၊ ရှုပုံကား အဆင်းကိုမြင်သောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အသံကို ကြားသိသော အခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အနံ့ကို နမ်းရှုသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အရသာကို စားသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိသဘာဝတို့သည် ကြွင်းသောအခိုက်အတန့်ငါးပါးတို့၌မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊အတွေ့ကို တွေ့ထိသိသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက် အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ရုပ်,နာမ် သဘောကို ကြံစည်သိရှိသော အခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ဤသို့ ကြည့်ရှုဆင်ခြင် သိမြင်ရာ၏။

ဤကဲ့သို့ ဣရိယာပုထ် လေးပါး အခိုက်အတန့် မြင်, ကြား, နံ၊ စား, ထိ, သိ အားဖြင့် ခြောက်ပါးသော နာမ်တရားတို့၏ အခိုက် အတန့် အားဖြင့် ဖြတ်၍ ဖြတ်၍ ကြည့်ရှု လျှင်ပင် သန္တတိဃန အစဉ်ခဲကြီး ပြိုတန်သမျှ ပြို၍ ဆိုပြီးသော အခိုက် အတန့် တခုတခု၌ပင် အစပိုင်း, အလယ်ပိုင်း, အဆုံးပိုင်း သုံးပိုင်း ထား၍ ဆင်ခြင်ကြည့်ရှုလျှင် ပို၍ပင် သန္တတိခဲ ပြိုနိုင်၏။ ။

ဤကား သန္တတိဃန ဖြိုနည်းတည်း။

(၃) ကိစ္စဃနဖြိုနည်း။ ။ထိုထို ရုပ်ခေတ်, နာမ်ခေတ် ရုပ်သတ္တိ, နာမ်သတ္တိတို့၏ မိမိ မိမိတို့၏ ကိစ္စကို ရွက်ဆောင် ပြုလုပ်ကြသည်ကိုပင် ပေါင်းစု၍ မိန်းမ, ယောကျ်ား သွားသည်, ရပ်သည်, ထိုင်သည်, လျောင်းသည်, ကြည့်သည်, နားထောင်သည် စသည်ဖြင့် ပညတ်စကား ပြောကြားကြခြင်း ဖြစ်သည်၊ ထိုထို ရုပ်ခေတ် နာမ်ခေတ် တို့၏ မိမိ မိမိတို့ ကိစ္စကို ရွက်ဆောင် ပြုလုပ်ကြခြင်းကို အသီးအသီး ဉာဏ်ဖြင့် ခွဲစိတ် ကြည့်ရှုလျှင် မိန်းမ, ယောကျ်ားသွားသည်, ရပ်သည်, ထိုင်သည်, လျောင်းသည်, ကြည့်သည်, နားထောင်သည် စသော ထင်မြင်မှု ကိစ္စဃနပြိုကွဲ နိုင်လေသည်၊ ထို့ကြောင့် ရှေးဖော်ပြရာပါ ခေတ်ခြောက်ပါးတို့ အနက်—

ပထဝီခေတ်သည် အခြား ဖြစ်ဖော် ဖြစ်ဖက် ရုပ်တို့၏ တည်ရာကိစ္စကို ရွက်ဆောင် ပြုလုပ်သည်၊ အာပေါခေတ်သည် အခြား ဖြစ်ဖော် ဖြစ်ဖက် ရုပ် တို့၏ တိုးပွားစေမှု ကိစ္စကို ရွက်ဆောင် ပြုလုပ်သည်၊ တေဇောခေတ်သည် ရင့်ကျက်စေမှု ကိစ္စကို ရွက်ဆောင်ပြုလုပ်သည်၊ ဝါယောခေတ်သည် ရွေ့ရှားစေမှု ကိစ္စကို ရွက်ဆောင် ပြုလုပ်သည်၊ အာကာသခေတ်သည်

ရုပ်ကလာပ်တို့ တခုနှင့် တခု ရောယှက်ခြင်း မရှိရအောင် အဆုံး အပိုင်း အခြား ကိစ္စကို ရွက်ဆောင်ပြုလုပ်သည်၊ ဝိညာဏဓာတ် ခြောက်ပါး (စက္ခုဝိညာဏ် မြင်မှု၊ သောတဝိညာဏ် ကြားမှု၊ ဃာန ဝိညာဏ် နမ်းရှုမှု၊ ဇိဝှါ ဝိညာဏ် လျက်မှု စားမှု၊ ကာယ ဝိညာဏ် တွေ့ထိမှု၊ မနော ဝိညာဏ် သိမှု၊ ဤ ဝိညာဏဓာတ် ခြောက်ပါး)တို့သည် မြင်မှု,ကြားမှုစသော ကိစ္စတို့၌ ရှေ့ဆောင် ရှေ့ရွက်ရှေ့သွားပြုမှုခေါင်းဆောင်မှုကိစ္စတို့ကို ရွက်ဆောင် ပြုလုပ် ကြသည်၊ ဤသို့ ရှုဆင်ခြင်ရာ၏၊ထိုသို့ရှုဆင်ခြင်လျှင် ကိစ္စဃနပြိုကွဲ၍ ဓာတ်ခြောက်ပါးတို့ မိမိတို့ကိစ္စကို အသီးအသီး ရွက်ဆောင် ပြုလုပ်ကြသည်ကို အစိတ်စိတ် သိမြင်သဖြင့် ယောကျ်ားသွားသည် မိန်းမသွားသည် စသော အထင်လွဲ အမြင်လွဲတို့ ပျောက်ကင်းနိုင်၏။ ။ဤကား ဓာတ်ခြောက်ပါးအနေဖြင့် ကိစ္စဃန၊ ကိစ္စ ခဲကို ဖြိုနည်းတည်း။

---

(၄) အာရမ္မဏဃန ဖြိုနည်း။ ။အာရမ္မဏ ဃန အာရုံခဲကိုဖြိုနည်းကား ဓာတ်ခြောက်ပါးအနေဖြင့် လိုက်ရန်မလို၊ ထင်ရှား ရှိသောအတိုင်း မိန်းမ, ယောကျ်ား သမုတ်ထားသော ဝတ္ထုအထည်ကိုယ် ဒြပ်ကြီးတို့၌....

မိမိ၏ စက္ခုပသာဒခေါ် မျက်စိအကြည်ဖြင့် ထိခိုက်၍ မိမိ၏ စက္ခုဝိညာဏ် အမြင်စိတ်ဖြင့် သိရသော အဖြူ,အနီ စသော အဆင်းရူပါရုံကို တပုံ ပုံ၊ မိမိ၏ သောတ ပသာဒခေါ် နား အကြည်ဖြင့် ထိခိုက်၍ မိမိ၏ သောတဝိညာဏ် အကြား စိတ်ဖြင့် သိရသော အသံမျိုးစုံ သဒ္ဒါရုံကို တပုံ ပုံ၊ မိမိ၏ ဃာနပသာဒခေါ် နှာခေါင်းအကြည်ဖြင့် ထိခိုက်၍ မိမိ၏ ဃာနဝိညာဏ် နမ်းရှု

စိတ်ဖြင့် သိရသော အနံ့မျိုးစုံ ဂန္ဓာရုံကို တပုံပုံ၊ မိမိ၏ ဇိဝှါ ပသာဒခေါ် လျှာ အကြည် ရုပ်ဖြင့် ထိခိုက်၍ မိမိ၏ ဇိဝှါ ဝိညာဏ် လျက်စိတ် စားစိတ်ဖြင့် သိရသော အချို့အချဉ် စသော ရသာမျိုးစုံ ရသာရုံကို တပုံပုံ၊ မိမိ၏ ကာယပသာဒခေါ် ကိုယ် အကြည်ဖြင့် ထိခိုက်၍ မိမိ၏ ကာယဝိညာဏ် တွေ့ထိ စိတ်ဖြင့် သိရသော အကြမ်း, အနု စသော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တပုံပုံ၊ ဤအာရုံငါးပါးမှတပါး မိမိ၏ မနောဝိညာဏ်သက်သက် ဖြင့်သာ သိရသော မိန်းမ, ယောကျ်ား အထည် ကိုယ် ခြဲ အတွင်းမှာ ရှိနေသည့် ရုပ်တရား စိတ် စေတသိက် တရား တည်းဟူသော သဘောမျိုးစုံ ဓမ္မာရုံကိုတပုံပုံ၊ (အာရုံခြောက်ပါး တို့ကို ဉာဏ်ဖြင့် တပုံစီပုံ၍ ကြည့်ဟု ဆိုလို၏)၊ ဤ အာရုံ ခြောက်ပါးတို့ကိုပင် မိန်းမ ဟူ၍ရင်း, ယောကျ်ား ဟူ၍ရင်း, ငါဟူ၍ရင်း, သူတပါးဟူ၍ရင်း, လောကပညတ် ခေါ်ဝေါ် တင်စားအပ်လေသည်၊ ဤ အာရုံခြောက်ပါးမှ တပါး (အသီး အခြား) မိန်းမ, ယောကျ်ားဟူ၍ မရှိ၊ အလုံး အခဲ အပု အဝိုင်း စသည် မရှိ။

ထိုသို့ မရှိပုံကို အဆင်းမျိုးစုံ ရူပါရုံသည် ဝိုင်းဝိုင်းလား, ရှေရှေလား, ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေး၍ ကြည့်၊ အသံမျိုးစုံ သဒ္ဒါရုံသည် ဝိုင်းဝိုင်းလား, ရှေရှေလား, ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကိုမေး၍ကြည့်၊ အနံ့မျိုးစုံ ဂန္ဓာရုံသည် ဝိုင်းဝိုင်းလား, ရှေရှေလား, ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေး၍ကြည့်၊ ရသာမျိုးစုံ ရသာရုံသည် ဝိုင်းဝိုင်းလား, ရှေရှေ လား, ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေး၍ကြည့်၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံသည် ဝိုင်းဝိုင်းလား, ရှေရှေလား, ပုပုလား စသည်ဖြင့်

ကိုယ့်စိတ်ကို မေး၍ ကြည့်၊ ရုပ်နာမ် ဓမ္မမျိုးစုံ ဓမ္မာရုံ သည် ဝိုင်းဝိုင်းလား, ရှေရှေလား, ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေး၍ကြည့်၊ စိစစ်၍ကြည့်။

ထိုသို့ စိစစ်၍ ကြည့်သောအခါ ဝိုင်းဝိုင်း, ရှေရှေ, ပုပု စသော သဏ္ဌာန် ကင်းပျောက်၍ ငှုပ်စေ့၌ အစပ် အရသာ သတ္တိကလေးကဲ့သို့ အလုံးစုံ အကုန် သတ္တိချည်း ဖြစ်သည်ကို သိရှိရပေလိမ့်မည်၊ ထိုအခါ မိန်းမ, ယောကျ်ားဟူ၍ စွဲလမ်း မှတ်ထင် နေသော သဏ္ဌာန်ကြီး ပျောက်၍ ပရမတ် စစ်သို့ အသိဉာဏ် ရောက်လိမ့်မည်၊ ထိုသို့ ပရမတ်စစ်သို့ အသိဉာဏ် ရောက်သောအခါမှ ထိုပရမတ္ထ သတ္တိသဘာဝတို့၏ မမြဲသော အနိစ္စ သဘော, ဆင်းရဲသော ဒုက္ခ သဘော, မစိုးပိုင်သော အနတ္တသဘောတို့ကို ဝိပဿနာဉာဏ်ဆယ်ဆင့်ဖြင့် အစဉ်အတိုင်း ရှုဆင်ခြင်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်သည်။ ။

ဤကား အာရုံခံကြီးကို ဖြိုဖျက်ပုံတည်း။

ဤတွင် တရားလုံး လုပ်သားကား ပြဆို ခဲ့ပြီးသော ဓာတ် ၆ ပါး, အာရုံ ၆ ပါး တို့ တည်း၊ ထို ဓာတ် ၆ ပါး, အာရုံ ၆ ပါးတို့ကို ဓာတ်အနေဖြင့် မြင်အောင်၊ အာရုံအနေဖြင့် မြင်အောင် အစဉ်မပြတ် နှလုံးသွင်းရာ၏။

အထူးလေ့လာမှတ်သားရန်

"မိန်းမ, ယောကျ်ား, ငါ, သူတပါး မဟုတ်" ဟု ဆိုရာ၌ အဋ္ဌကထာနှင့် တကွသော အလုံးစုံသော အဘိဓမ္မာ ပိဋကတ် တော်ကြီးသည် အထောက်အထား သက်သေ သာဓကပင်ဖြစ်၏၊

ထို အဘိဓမ္မာ ပိဋကတ်ကြီးကိုကား ဆိုခြင်ငှါ မတတ်ကောင်း၊ သို့သော် အနည်းငယ်မျှသော ဥပဒေသကို ပြဆို ပါဦးအံ့....

ဤ မိန်းမ၏ ကိုယ်, ယောကျ်ား၏ ကိုယ် မည်သည်ကား နာမ် ရုပ် မျှသာတည်း၊ ထိုနာမ်, ရုပ်တရား နှစ်ပါး တို့တွင် ရုပ်ကား တည်ရာဌာန၊ နာမ်ကား တည်တတ်သောသဘော ဌာနီ ဖြစ်သည်။

ဥပမာ သရက်သီးမှည့်၏ အတွင်း၌ ထင်ရှား ရှိနေသော မျိုးစေ့ ဗီဇဓာတ်၏ တည်ရာကား သရက်စေ့ဆန်၊ သရက်စေ့ ဆန်၏ တည်ရာကား အအိမ်၊ အအိမ်၏ တည်ရာကား သရက်သီးမှည့်၊ (၎င်းဗီဇဓာတ်အစေ့၊အအိမ်တို့ကို စုပေါင်း၍ သရက်သီးဟု ခေါ်၏)။

ထိုသရက်သီး၏ တည်ရာကားအခွံ၊ အခွံ၏တည်ရာကား အခက်၊ အခက်၏ တည်ရာကား ပင်စည်၊ ပင်စည်၏ တည်ရာကား အမြစ်၊ အမြစ်၏ တည်ရာကား မြေကြီး၊ မြေကြီး၌ မြေ၏ အရသာ ရေ၏ အရသာသည် အမြစ်ကို အစဉ်လျှောက်၍ပင်စည်သို့ တက်၏၊ ပင်စည်သို့အစဉ်လျှောက်၍ အခက်သို့တက်၏၊ အခက်သို့ အစဉ်လျှောက်၍ အညှာသို့တက်၏၊ အညှာသို့ အစဉ်လျှောက်၍ သရက်သီးသို့ ဝင်ရောက်တည်၏။

ဤသို့တည်ရာ၌ အမြစ်, ပင်စည်, အခက်, အခွံ, အသီး ဟုဆိုအပ်သော အကျိုးငါးခု အပေါင်းဖြစ်သော သစ်ပင်ကြီး အား မျိုးစေ့သည် ဖြစ်စေတတ်သော (ဇနက) သတ္တိဖြင့် ကျေးဇူးပြု၏၊ မြေအရသာ၊ ရေအရသာတို့သည် မှီရာအထောက် အပံ့ (ဥပတ္ထမ္ဘက) သတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။ဤကား သစ်ပင် ဥပမာတည်း။

ဤ ဥပမာ နည်းတူ ဤ အတ္တ=ဘော တည်းဟူသော နာမ် ရုပ်အစု၌ အသီး မည်သည်ကား ဥက္ကဋ္ဌ ပရိစ္ဆေဒ အားဖြင့် ခံစားမှု ဝေဒနာ သဘောတည်း၊ (ဝေဒနာသည် သရက်သီးနှင့် တူ၏ဟု ဆိုလိုသည်)၊ ထိုဝေဒနာ၏ တည်ရာ အကြောင်းကား တွေ့ထိမှု ဖဿတည်း၊ (ဖဿသည် အခွံနှင့်တူ၏ဟု ဆိုလိုသည်)၊ ဖဿ၏ တည်ရာအကြောင်းကား သဠာယတန (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော အတွင်း အာယတန ၆ ပါး) တည်း၊ (သဠာယတနသည် အခက်နှင့် တူ၏ဟု ဆိုလိုသည်)၊ သဠာယတန၏ တည်ရာကား နာမ်ရုပ်တည်း၊ (နာမ်ရုပ်သည် ပင်စည်နှင့် တူ၏ဟု ဆိုလိုသည်)၊ နာမ်ရုပ်၏ တည်ရာ ကား ဝိညာဏ် (ပဋိသန္ဓေ စိတ်ဝိညာဏ်) တည်း၊ (ဝိညာဏ်သည် အမြစ်နှင့် တူ၏ ဟု ဆိုလိုသည်)၊ ဤအကျိုးတရား ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) အပေါင်း ကိုပင် ယောကျ်ား၏ကိုယ်, မိန်းမ၏ ကိုယ်ဟု ခေါ်ဆို သမုတ် နေကြရ၏။

တနည်းမှာ ရှေးနည်းအတူပင် ဝေဒနာ၏ တည်ရာ အကြောင်းကား ဖဿ၊ (ဖဿသည်အခွံနှင့်တူ၏ဟု ဆိုလိုသည်)၊ ဖဿ၏ တည်ရာ အကြောင်းကား ဝိညာဏ်၊ (ဝိညာဏ်သည် အခက်နှင့်တူ၏ဟု ဆိုလိုသည်)၊ ဝိညာဏ်၏ တည်ရာ အကြောင်း ကား ဝတ္ထု ရုပ် ၆-ပါး၊ (ဝတ္ထု ရုပ် ၆-ပါးသည် ပင်စည်နှင့် တူ၏ဟု ဆိုလိုသည်)၊ ဝတ္ထု ရုပ် ၆-ပါး၏ တည်ရာအကြောင်း ကား ဘူတ ရုပ်လေးပါး၊ ဓာတ်ကြီးလေးပါးတို့တည်း၊ (ဘူတရုပ် လေးပါးတို့သည်၊ အမြစ်နှင့် တူကုန်၏ဟု ဆိုလိုသည်)၊ ဤသို့ အာဓာရ, အာဓေယ်၊ ဌာန, ဌာနီ၊ တည်ရာ၊ တည်တတ် အဖြစ်ဖြင့်

အကြောင်းအကျိုး ဆက်သွယ်ကာ တည်ရှိနေသော (ရှေးနည်းအလို) ဝိညာဏ်စသော အားဖြင့် (နောက်နည်းအလို) ဘူတရုပ်စသော အားဖြင့် ပေါင်းအပ်သော သစ်ပင်နှင့် တူသော ဤအတ္တ=ဘော ကိုယ်ကောင်ကြီးအား(မျိုးစေ့သည် သစ်ပင်အားကျေးဇူးပြုသကဲ့သို့) ကံသည် ဇနက သတ္တိဖြင့် ကျေးဇူးပြု၏၊ (မြေအရသာ,ရေအရသာတို့သည် သစ်ပင်အား ထောက်ပံ့သောအနေဖြင့် ကျေးဇူးပြုသကဲ့သို့) အဝိဇ္ဇာနှင့် တဏှာ ဤတရားတို့သည် ထောက်ပံ့ တတ်သော ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤဥပမာ၊ ဥပမေယျ၌ စစ်တမ်းထုတ်၍ ကြည့်ရမည်၊ ကြည့်ပုံမှာ—

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,(တနည်း) မဟာဘုတ်, ဝတ္ထု,ဝိညာဏ်, ဖဿ, ဝေဒနာ ဤအကျိုး တရား ၅-ပါးမှတပါး အသီးအခြား ယောကျာ်း,မိန်းမ, အတ္တအတ္တနိယ ရှိသလောဟု စိစစ်လေ၊ ထိုသို့ စိစစ်သောအခါ ယခင်နည်းနှစ်ပါးလာ အကျိုးတရား ၅-ပါးတို့ကိုသာ တွေ့ရပေလိမ့်မည်၊ မိန်းမ,ယောကျာ်း စသည် ရှာ၍ မတွေ့လတ္တံ့ သည်သာလျှင် တည်း။ ။

ဤအရာ၌—

"ဆိုအပ်ပြီးသော နည်းနှစ်ပါးအရ အကျိုးတရားငါးပါး အစုရှိသည်မှန်ပါစေ လက်ခံပါ၏၊ ယင်း အကျိုးတရားငါးပါးတို့ကို ပြုလုပ် စီမံဖန်တီးတတ်သော ဖန်ဆင်းရှင် လူ,နတ်,ဗြဟ္မာ စသည်မှုကား အခြားတပါး ရှိသည် မဟုတ်လော"ဟု မေးမြန်းဖွယ် ရှိလာပြန်၏။

အမေဖြကား....“မရှိ”ဟူပေ၊ ချဲ့ဦးအံ့—ယခုဘဝ အကျိုးတရားငါးပါးတို့ ထင်ရှား ဖြစ်ပေါ်ကြသကဲ့သို့ အတိတ်ဘဝ၌လည်း အကျိုးတရားငါးပါးတို့ ထင်ရှားဖြစ်ပေါ်ခဲ့ဖူးကြလေပြီ၊ ထိုအတိတ်ဘဝ အကျိုးတရား ငါးပါးထဲ၌ (ဝါ) ငါးပါးကို အမှီပြု၍ ယခုဘဝ ပစ္စုပ္ပန် အကျိုးတရား ငါးပါးတို့ကို ဖြစ်စေဖို့ရန် ကျေးဇူးပြုကြမည့် တဏှာ,ဥပါဒါန်,ဘဝ,အဝိဇ္ဇာ, သင်္ခါရ တည်းဟူသော အကြောင်း တရား စုသည် ပြီးစီး ဖြစ်ပေါ်၍ လိုက်ပါ ခဲ့လေသည်၊ ရှေး သစ်ပင်ကြီး ထဲတွင် အစိတ် တခု အနေဖြင့် (နောက် သစ်ပင်တပင်ကို ဖြစ်စေမည့်) အစေ့ ဗီဇဓာတ်ပါဝင်နေသကဲ့သို့မှတ်ရာ၏၊ ထိုအတိတ်ဘဝအကြောင်း ငါးပါးကြောင့် ယခုပစ္စုပ္ပန်ဘဝ အကျိုးငါးပါးတို့ ဖြစ်ပေါ်ကြ၏၊ ထို့ကြောင့် ပြုလုပ်စီမံဖန်တီး ပေးတတ်သူ ဖန်ဆင်းရှင် (အသီးအခြား) လူ, နတ်, ဗြဟ္မာ စသည်မရှိ၊ ယခင်အတိတ် အကြောင်း ငါးပါးကသာ ပစ္စုပ္ပန် အကျိုးငါးပါးကို ဖြစ်စေကြ၏၊ ယခုဘဝ၌လည်း မိန်းမ, ယောကျာ်းဟူ၍ သီးခြားမရှိ၊ ယခင် ဖော်ပြရာပါ အကျိုးတရား ငါးပါးတို့သာလျှင် ပရမတ် စစ်စစ် အနေဖြင့် ရှိ၏။ ။

တဖန်—

“ယခုဘဝပစ္စုပ္ပန် ခန္ဓာကိုယ်အတ္တ=ဘောကို ဖန်ဆင်းရှင် မရှိဟူလျှင် ဖြစ်တန်စေ လက်ခံပါ၏၊ သို့သော် ပစ္စုပ္ပန် အကျိုး ငါးပါးတရားတို့မှ အသီးအခြားသွားမှု, လာမှု, ခဲမှု, သောက်မှု, ပြောမှု,ဆိုမှု,ချုပ်ချယ်မှု စသည်ကို ပြုလုပ်တတ်သော သူမှုကား ရှိသည်မဟုတ်လော”ဟု မေးမြန်းဖွယ်ရှိလာပြန်၏။

ဤမေးမြန်းချက်အတွက် အဖြေမှာလည်း သစ်ပင်ကြီးကဲ့သို့ အဆင့်ဆင့်ကြောင်းကျိုး ဆက်စပ် တည်ရှိသော အကျိုးတရား ငါးပါးတို့သည်သာလျှင် ထိုထို ကာယဝိညတ်၊ ဝစီဝိညတ် အမှုမှု တို့ကို ပြုကြ၏၊ ထိုသို့ ပြုကြရာ၌ စိတ်အလို အတိုင်း အခြင်းအရာ ကွဲလွဲသော ကာယဝိညတ် အမျိုးမျိုး အမူအရာ အမျိုးမျိုးတို့ကို စွဲ၍ သွားမှု၊ လာမှု၊ ခဲမှု၊ သောက်မှု စသည် ခေါ်ဆို ပညတ်ခြင်း ဖြစ်လေသည်၊ စိတ်အလိုအတိုင်း အခြင်းအရာ ကွဲလွဲသော ဝစီဝိညတ် အမျိုးမျိုး အမူအရာ အမျိုးမျိုးတို့ကိုစွဲ၍ ပြောမှု၊ ဆိုမှု၊ ချုပ်ချယ်မှု စသည် ခေါ်ဆိုပညတ်ခြင်း ဖြစ်လေသည်၊ အချုပ်အားဖြင့်—

(၁) အကြောင်းတရား တရပ်၊
(၂) အကျိုးတရား တရပ်၊
(၃) ဝိညတ်တရား တရပ်၊

ဤတရား သုံးရပ်ကို ပိုင်ပိုင်နိုင်နိုင် သိမြင် ထားပါက "ယောကျ်ား၊ မိန်းမဖြစ်အောင် ပြုလုပ်တတ်သူ လူ၊ နတ်၊ ဗြဟ္မာ ဖန်ဆင်းရှင်ဟူ၍မရှိ၊ ယောကျ်ား၊ မိန်းမဟူ၍လည်းမရှိ၊ သွားမှု၊ လာမှု စသည်ကို ပြုတတ်သူဟူ၍ မရှိ" ဟူ၍ ပိုင်ပိုင်နိုင်နိုင် ယုံမှား မရှိ သိမြင်လာလိမ့်မည်။

အတိတ် အကြောင်းတရား ငါးပါးဟူသည်ကား.... "အတီ=တေ ဟေတ ဝေါ ပဉ္စ" သင်္ဂြိုဟ်ပါဠိအရ အတိတ်ဘဝက ဖြစ်ခဲ့ပြီးခဲ့သော အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဤတရား ငါးပါးတို့တည်း။ အကျိုးတရား ငါးပါး ဟူသည်ကား "ဣဒါနိ ဖလပဉ္စကံ" သင်္ဂြိုဟ်ပါဠိ အရ အတိတ် အကြောင်း

ကြောင့် ယခု ဘဝ ဖြစ်ပေါ်ကြသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဤတရား ငါးပါးတို့ တည်း။ ဝိညတ် ဟူသည်ကား ကာယ ဝိညတ်, ဝစီဝိညတ် နှစ်ပါးတို့ တည်း။

ဝိညတ် အမူအရာ ဖြစ်ပေါ်ပုံ၌ ဥပမာကား မဟာ သမုဒ္ဒရာကို ကူးသန်းသွားလာကြသော လှေသူကြီးတို့၏ အဖို့ရာ လှေသည် တည်ရာဌာနဖြစ်၏၊ လှေသူကြီးသည် တည်တတ်သော ဌာနီ ဖြစ်၏၊ ထို နှစ်မျိုးတို့တွင် လှေသူကြီး၏ အလိုအတိုင်း လှေသည် ဖြစ်ပေါ် လိုက်ပါ ရ၏၊ လှေ အားလျော်စွာ လှေသူကြီးသည် သွားလာရ၏၊ တည်ရာလှေက လှေသူကြီးကို အစိုးမရ၊ လှေသူကြီးကသာ (လောက ပညတ်အလို) လှေကို အစိုးရ၏၊ ထို့ကြောင့်ပင် လှေသူကြီး အလိုအတိုင်း လှေကို ထားလိုသော အရပ်၌ ထားနိုင်၍ သွားလိုသော အရပ်သို့ သွားနိုင်၏။

ဤဥပမာ၌ လှေနှင့်ရူပကာယ ရုပ်ကိုယ်ကြီးသည် တူ၏၊ လှေသူကြီးနှင့် စိတ် ဝိညာဏ်သည် တူ၏၊ စိတ်အလို အတိုင်း ရူပကာယ ရုပ် ကိုယ်ကြီးသည် သွား၏၊ ရပ်၏, ထိုင်၏, လျောင်း၏, ရှေ့သို့တက်၏, နောက်သို့ဆုတ်၏၊ ခဲ၏, စား၏, စကားပြောဆို၏, ရယ်၏, ငို၏၊ အယုတ်ဆုံး (စိတ်အလိုက) လက် တဆစ်တည်း လှုပ်စေလိုလျှင် လက်တဆစ်သာ လှုပ်၏၊ ကြွင်းသော ကိုယ်အလုံး မလှုပ်၊ (စမ်းသပ်လှုပ်ကြည့်ပါလေ)။

ဤ၌ "စိတ်အလိုအတိုင်း ရူပကာယ ရုပ်ကိုယ်ကြီးသည် သွားလာလှုပ်ရှားရ၏" ဟူသော စကားကို အစွဲပြု၍ –

"ထိုသို့ ဖြစ်လျှင် စိတ်ဝိညာဏ်သည် ဖန်ဆင်းရှင် အတ္တမည်၏"ဟု စောဒက ပရဝါဒီက ဆိုလာပြန်ခဲ့သော်(အဖြေကား) "စိတ်ဝိညာဏ်ချည့် သက်သက် ထိုထို သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှု စသည်ကို မပြုနိုင်၊ ပဓာနနည်းအားဖြင့်သာ စိတ်အလိုအတိုင်း ရုပ်ကိုယ်ကြီး လှုပ်ရှားရ၏"ဟု ဆိုခြင်း ဖြစ်သည်၊ ထို့ကြောင့် စိတ်ဝိညာဏ်သည် ဖန်ဆင်းရှင် အတ္တ မဟုတ်ပါ၊ "စင်စစ်သော်ကား တရားအများ ပေါင်းဆုံမှသာ ထိုထို သွားမှု၊ ရပ်မှု စသည်ကို ပြုနိုင်၏"ဟူ၍ ဖြေဆိုရပေမည်။

ပေါင်းဆုံပုံကား.... စိတ် ဝိညာဏ်သည် စေတနာက စေ့ဆော်၍ ပေးပါမှ၊ စေတနာ သည်လည်း မနသိကာရက ပြီးစေပါမှ၊ မနသိကာရ သည်လည်း ဆန္ဒက ယူပေး ပါမှ၊ ဆန္ဒ သည်လည်း ဝိတက်က ရှေးရှု အာရုံသို့ တင်ပေး ပါမှ၊ ဝိတက်သည်လည်း ဝိစာရက သုံးသပ်ပေး ပါမှ၊ဝိစာရသည်လည်း ဝီရိယက ထောက်ပံ့ပေး ပါမှ၊ ဝီရိယသည်လည်း ဧကဂ္ဂတာက တပေါင်းတည်းအဖြစ် ရောက်အောင် ပြုပေး ပါမှ၊ ဧကဂ္ဂတာသည်လည်း ဇီဝိတက စောင့်ရှောက်ပေး ပါမှ၊ ဇီဝိတသည်လည်း ဖဿက တွေ့ထိပေး ပါမှ၊ ဖဿသည်လည်း ဝေဒနာက ခံစားပေး ပါမှ၊ဝေဒနာသည်လည်း သညာက မှတ်သားပေး ပါမှ၊ သညာသည်လည်း ဝိညာဏ်က သိပေး ပါမှ၊ရှေးဖော်ပြရာပါ သွားမှု၊ ရပ်မှု၊ ထိုင်မှု စသည်ကို ပြုနိုင်၏၊ ထို့ကြောင့် ဝိညာဏ်ကိုလည်းကောင်း၊ စေတနာကို လည်းကောင်း (စ) ... အသအကို လည်းကောင်း၊ ဖန်ဆင်းရှင် အတ္တဟူ၍ ...

... စာကြည့်တိုက်
... ရန်ကုန်
၁၆၇၁၀

ဝိ့ဇေ့မနံ၊ ဆန္ဒ့တက္ကာ၊ ဝိစာ့ဝိရိ၊
ဇဝိ့ဖဿာ၊ ဝေ့သညာနှင့်၊
စိတ်သာတကွ၊ ပေါင်းပြုမှ၊ ပြီးရစီးရသည်။

သို့သော် စိတ်ဝိညာဏ်သည် ရှေ့သွား ဖြစ်သည့်အတွက် ထိုစိတ်ဝိညာဏ်ကို ရှေ့သွား အဦးပြု၍—

သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။
စိတ်ကြောင့် ဖြစ်သော၊ဓာတ်ဝါယောနှံ့နှော့ကိုယ်ဝယ် ပြည့်။
ဝါယော ပြည့်သော်၊ ဝိညတ်ပေါ်၊ *ရုပ်သော်သွားလာ၏။

ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ *ရုပ်သွား ဉာဏ်မြင့်ကြည့်။
ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ *ရုပ်ရပ် ဉာဏ်မြင်သိ။
ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ *ရုပ်ထိုင် ဉာဏ်မြင့်သိ။
ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ *ရုပ်အိပ် ဉာဏ်မြင့်သိ။

ဟူ၍ သတိပဋ္ဌာန် အဋ္ဌကထာ၊ သမ္မောဟ ဝိနောဒနီ ဝိဘင်း အဋ္ဌကထာတို့အတိုင်း ပညာရှင်တို့ မှတ်တမ်းပြု၍ ထားကြလေသည်။

ဤတွင် တဖန် ဓေဒက ပရဝါဒီပုဂ္ဂိုလ်က—

"သိတတ်သော သဘော ကလေးသည် စိတ်ဝိညာဏ် မဟုတ်၊ဖန်ဆင်းရှင်အတ္တာဖြစ်ပါသည်၊ ဖန်ဆင်းရှင် အတ္တာကလေးက

* သွားသောအခြင်းအရာ၊ ရပ်သောအခြင်းအရာ၊ ထိုင်သော အခြင်းအရာ၊ အိပ်သော အခြင်းအရာဖြင့် ရုပ်ဖြစ်၏ဟု ဆိုလိုသည်။

သိပါသည်၊ စေ့ဆော်မှု သဘောကလေးသည် စေတနာမဟုတ်၊ ဖန်ဆင်းရှင် အတ္တဖြစ်ပါသည်။ ထိုဖန်ဆင်းရှင် အတ္တကလေးက စေ့ဆော် ပေးပါသည်။ နှလုံးသွင်းမှု သဘော ကလေးသည် မနသိကာရမဟုတ်၊ ဖန်ဆင်းရှင် အတ္တဖြစ်ပါသည်။ ထိုဖန်ဆင်းရှင် အတ္တကလေးက နှလုံးသွင်းပါသည်။ (ပ) ဆန္ဒမဟုတ်၊ ဖန်ဆင်းရှင်အတ္တက ယူဘတ်ပါသည်။ (ပ) ဝိတက်မဟုတ်၊ ဖန်ဆင်းရှင် အတ္တက ရှေးရှုဘင်တတ်ပါသည်။ (ပ) ဝိစာရမဟုတ်၊ ဖန်ဆင်းရှင်အတ္တက သုံးသပ်ပါသည်။ ဝီရိယမဟုတ်၊ ဖန်ဆင်းရှင်အတ္တက ထောက်ပံ့ပါသည်။ ဇီဝိတမဟုတ်၊ အတ္တက စောင့်ရှောက် ပါသည်။ ဖဿမဟုတ်၊ အတ္တက တွေ့ထိပါသည်။ ဝေဒနာမဟုတ်၊ အတ္တက ခံစားပါသည်။ သညာမဟုတ်၊ အတ္တက အမှတ်ပြု၍ သိပါသည်။ သိခြင်းသဘောကလေးသည် စိတ်ဝိညာဏ်မဟုတ်၊ ဖန်တီးရှင် အတ္တ ဖြစ်ပါသည်။ ဖန်ဆင်းရှင် အတ္တကလေးက သိပါသည်ဟု အဘိဓမ္မာကျမ်းလာ စိတ်, စေတသိက် ပရမတ္ထ တရားတို့ကို ပယ်လှန်၍ အတ္တချည်းသာ ပြောနေခဲ့ပါသော်—

သင်၏ ဖန်ဆင်းရှင် အတ္တ ကလေးသည် "အားလုံး ရှိရှိ သမျှ ကိစ္စကို ပြီးစေနိုင်သည်၊ သိမှုကို ပြုတတ်သည်၊ ခံစားမှုကို လည်း သူပင်ပြုသည်၊ နှလုံးသွင်းမှု စသည်ကိုလည်း သူပင်ပြုသည်" ဟု သင်ပရဝါဒီ ပုဂ္ဂိုလ်ဆို၏။ အကယ်၍ သင်ဆိုသည့် အတိုင်း ဖန်ဆင်းရှင် သင်၏ အတ္တ ကလေးသည် အလုံးစုံသော ကိစ္စကို ပြီးစေနိုင်ခဲ့သော် သင်၏ ဖန်ဆင်းရှင် အတ္တသည်—

တခါတရံကျတော့ မင်း၊
တခါတရံကျတော့ ကျွန်၊

တခါတရံကျတော့ ချမ်းသာရ၊
တခါတရံကျတော့ ဆင်းရဲရ၊ အရိုက်, အပုတ်, အနှောင်အဖွဲ့ခံရ၊
တခါတရံကျတော့ ရောဂါရှိရ၊
တခါတရံကျတော့ အနာကင်းရ ကျန်းမာရ၊
တခါတရံကျတော့ ဥစ္စာရှိရ၊
တခါတရံကျတော့ မွဲတေရ၊

ဤသို့ စသည်ဖြင့် အဘယ့်ကြောင့် ဖောက်ဖောက်ပြန်ပြန် ဖြစ်ရသနည်း၊ ဖန်ဆင်းရှင် အတ္တသည် တမျိုးတည်း ဖြစ်ပါက အလုံးစုံ တမျိုးတည်းသာ ဖြစ်ပါတော့လော၊ ယခုမူ တမျိုးတည်းမဖြစ်ပဲနှင့် အကွဲကွဲအခြားခြား ဖြစ်သောကြောင့် သင်၏ ဖန်ဆင်းရှင် အတ္တဟူသည် သင်၏ ထင်မြင်ယူမှားချက်မျှသာ ဖြစ်၏၊ စင်စစ် တရားသားမရှိဟု ပယ်လှန်ရာ၏။ ။

ထို့ကြောင့် ပြဆိုခဲ့ပြီးသည့် စိတ်ဝိညာဏ် စေတနာ စသော တရားအစုတို့ ညီညွတ် ပေါင်းဆုံသည့်အခါ၌ စိတ်အလို အတိုင်း သွားမှု, ရပ်မှုစသော ကာယဝိညတ် အမူအရာဖြစ်ပေါ် လာသည်၊ ပြောမှု,ဆိုမှုစသော ဝစီဝိညတ် အမူအရာ ဖြစ်ပေါ် လာသည်၊ ထိုစိတ် ဝိညာဏ်စသော တရားအပေါင်း သည်လည်း မမြဲသော အနိစ္စ, မခိုင်သော အစုဝ တရားမျိုးတို့သာဖြစ်ကုန်၏၊ အကြောင်းတို့ ပေါင်းဆုံ ညီညွတ်ခိုက် ဖြစ်ပေါ်၍ အကြောင်း တရားတို့ ပျောက်ကွယ်သော် ထိုစိတ် ဝိညာဏ်, စေတနာ စသောတရားတို့သည်လည်း ပျောက်ကွယ် ချုပ်ငြိမ်းကြကုန်၏၊ ဆီ,မီးစာ မီးခွက်တို့ ရှိခိုက် မီးတောက် မီးလျှံ ဖြစ်ပေါ်၍ ထို

သုံးမျိုးတွင် တခုခုချို့တဲ့က မီးတောက် မီးလျှံ ပျောက်ကွယ် ချုပ်ငြိမ်းရသကဲ့သို့တည်းဟု သန္နိဋ္ဌာန်ကျ ဆုံးဆုံးဖြတ်ဖြတ် မှတ်ယူကုန်ရာ၏။

ထို့သော်လည်း လှည်းအိမ်, လှည်းသံ, ဝင်ရိုးစသည်တို့၏ အပေါင်းကို လှည်းဟူ၍ ခေါ်ဆိုပြောကြား သမုတ်တင်စား သကဲ့သို့ ဝိညာဏ်,နာမ်ရုပ် စသည် အပေါင်းကို "အတ္တ ကိုယ်ကောင်"ဟု ရှေးသူဟောင်းတို့ ခေါ်ဝေါ်လွယ်စေရန် သမုတ်ပညတ်ကြသည်၊ ပရမတ္ထအားဖြင့်မူ ခဲတတ်,စားတတ်,သွားတတ်, စကား ပြောဆိုတတ်သော တစုံတရာ အတ္တမည်သည်မရှိ၊ ရှေးဖော်ပြရာပါ နာမ်တရား, ရုပ်တရား အစုမျှသာဖြစ်၏။

ထိုနာမ်, ရုပ်တရား နှစ်ပါးတို့တွင် ရုပ်ကား အလေး, အနွေး, အနုံ့သမား၊ တစုံတခုကို မသိတတ်၊ အားမထုတ်တတ်၊ မပြီးစေတတ်၊ သစ်သားရုပ်ကြီးနှင့်တူ၏၊ စိတ်ဝိညာဏ်စသည်တို့က ဝိုင်းဝန်း ခြံရံ ကူပံ့ ပေးအပ်သော ရူပကာယ အတွင်းရှိ စေတနာ နာမ်တရားကလေးကသာ ကြိုးကိုဆွဲ၍ ကပြသော ရုပ်သေးသမား (အရုပ်ဆွဲဆရာ)ကဲ့သို့ ရုပ်အပေါင်းကို မောင်းနှင်၏၊ ရုပ်အောင်,သွားအောင်,တည်အောင် စသည်ပြုလုပ်၏။

ဤအရာ၌–

အာရုံခြောက်ပြာ၊ ထမ်းပိုးသာ၊ ကြိုးမှာကေဂ္ဂ
စေတနာမူ၊ မောင်းနှင်သူ၊ လှည်းမူရုပ်ရူပ။
ဝိ,စေ,မန၊ ဆန္ဒ,တက္က၊ ဝိဝ,ဝိရိ၊ ဇိဝိ,ပဿ၊
ဝေသညာ၊ ဆယ်ပြာ နွားမှတ်ကြ။

ဟူသော မှတ်တမ်း ဥပမာကိုလည်း ဆောင်၍ အထူး နှလုံးသွင်းရာ၏။

ဤဥပမာ၌ အစိပ္ပါယ်ကား ထမ်းပိုး ငါးခု၊ နွား ဆယ်ကောင် က-ရသော ဝန်တင်လှည်းကြီး ရှိရာ၏။ ထိုလှည်းကြီး၌ ပဌမ ထမ်းပိုးနှင့် ထိုထမ်းပိုးဝယ် က-သော နွားတရှဉ်းကိုသာ မောင်းနှင်ပါက လှည်းကြီးသည် ရွေ့မည်မဟုတ်၊ ထို့အတူ ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ ထမ်းပိုးနှင့် ထိုထမ်းပိုးဝယ် က-သော နွားတရှဉ်းကိုသာ မောင်းနှင်ပါက လှည်းကြီးသည် ရွေ့မည်မဟုတ်၊ စင်စစ်သော်ကား ထမ်းပိုးငါးခုတို့၌ က-သော နွားဆယ်ကောင်လုံး တညီတညွတ်တည်းမောင်းနှင်မှ လှည်းကြီး သည် ရွေ့ရှားသကဲ့သို့၊ စိတ်ဝိညာဏ်စသော တရားဆယ်ပါးတို့ ပေါင်းဆုံ ဆောင်ရွက်ကြမှသာ ရုပ်=ကိုယ် တည်း ဟူသော ဝန်တိုက် လှည်းကြီး၏ ကာယဝိညတ် တရားသာ သွားလာ လှုပ်ရှားမှု, ဝစီ ဝိညတ် တရားသာ ပြောမှု, ဆိုမှု စသည်တို့ ဖြစ်ပေါ်လေသည်ဟု အထူး နှလုံးသွင်း မှတ်ယူရာ၏။

နိဂုံးမှာထားချက်

ဤသို့လျှင် ယောကျ်ား, မိန်းမ စသည်ကို ပြုလုပ် စီမံ တတ်သော လူ, နတ်, ဗြဟ္မာ စသည့် ဖန်ဆင်းရှင်....ယောကျ်ား, မိန်းမ အထည်ဒြပ်ကြီး သွားမှု, လာမှု စသော အထင်လွဲမှု ပညတ်ချက် အမျိုးမျိုးတို့ ကင်းရှင်းစေရန် ကျယ်ဝန်းစွာ ရေး သား ဖော်ပြခဲ့သော်လည်း အခြေခံ မူလ မ-တည်ခဲ့သော ခေတ်ခြောက်ပါးတို့ကို ကွင်းကွင်း ကွက်ကွက် ဉာဏ်မျက်စိဖြင့် ကြည့်ရှုကုန်ရာ၏၊ ထိုခေတ်ခြောက်ပါးတို့တွင်လည်း ရုပ်ခေတ်

ငါးပါးတို့ကိုရှေးဦးစွာကြည့်ရှုကုန်ရာ၏၊ ရုပ်ခေတ်ငါးပါးတို့တွင်လည်း အာကာသခေတ်ကား ဃန-အခဲကြီးများ ပွိုသွားဖို့ရန်သွင်း၍ ကြည့်ရန်ဖြစ်၏၊ တရားသားရရှိသော ပထဝီစသော ခေတ်လေးပါးတို့ကို နာနာကြည့်ရှုကုန်ရာ၏။ **ငရုပ်စေ့၌ အစပ်သတ္တိကလေးကို ဥာဏ်ဖြင့် စိတ်ဖြင့် တွေ့သိနေသကဲ့သို့** ခက်မာမှု သတ္တိ စသည်တို့ကို တွေ့သိနေအောင် ကြည့်ရှုကုန်ရာ၏။

ထိုခေတ်လေးပါးတို့တွင်လည်း လက်ဖြင့် စမ်းသပ်၍ စိတ်ဖြင့်သိရသော ခက်မာမှု သတ္တိ ပထဝီခေတ်၊ ပူမှု၊ အေးမှုသတ္တိ တေဇောခေတ် ဤ ခေတ်နှစ်ပါးတို့သည် အထူးသဖြင့် ထင်မြင်လွယ်ကုန်၏၊ ထင်မြင်လွယ်သော ခေတ်စုတို့ကိုသာ တကိုယ်လုံး ပရမတ်ခေတ်သားသတ္တိတွေချည်းဖြစ်ကုန်အောင်ကြည့်။ မထင်နိုင်သော ခေတ်တို့ကို နောက်မှ တဖြည်းဖြည်းကြည့်၍ကြည့်၍ မှတ်ယူကုန်ရာ၏။ ။(ဤကား ခေတ်ကမ္မဋ္ဌာန်းတည်ထောင်ပုံတည်း)။

ပဥ္စမ ခမ္မနာဒဆရာတော်၏

ခေတ်ခြောက်ပါးသိမ်းဆည်းပုံပြီး၏။

ပု, ဒ, အာနှင့် လျှင်ငွာ ပြည့်စုံရပါလို၏။

နောက်ဆက်တွဲ

ဤနောက်ဆက်တွဲပါ ဓမ္မကထာများ ထည့်သွင်း ရိုက်နှိပ်ရန်အတွက် ပေးစာ-

ယခုနောက်ဆက်တွဲ ပြုစုနိုင်ရန်အတွက် ပေးပို့လိုက်သော ပါဠိ, ဂါထာ, လင်္ကာများနှင့် ပတ်သက်၍ ဦးပဥ္စင်းကြားဘူးသည်မှာ ပဌမ မဟ္မနာဒဆရာတော်ဘုရားကြီး အသည်းအသန် မကျန်းမမာရောဂါဖြစ်နေချိန်၌ ယခုလက်ရှိ ဦးပဥ္စင်းတို့၏ တိပိဋကဓရဆရာတော်က ဆရာတော်ဘုရားကြီးမှာ တရားနှလုံးသွင်းလျက် ရှိမရှိ သိရှိရန်နှင့် အကယ်၍ နှလုံးမသွင်းနိုင်ခဲ့သော်၊ တရားသတိ ရရှိတော်မူပါစေမည့်သောငှာ စုံစမ်းသော အနေဖြင့် လျှောက်ထားရာ၊ ဆရာတော်ကြီးက ဝဇီရာထေရီ ဘိက္ခုနီမလေးက မာရ်နတ်အား ဟောကြားအပ်သော (ဒုက္ခမေဝ ဟိ သမ္ဘောတိ-စသော) တရားဂါထာကို ဟောပြောတော်မူကာ ဆက်လက်၍ ဆရာတော်ဘုရားကြီး နှလုံးသွင်းရင်းရှိသော တရားဂါထာကိုပါ ရွတ်ဆိုပြတော်မူသည်ဟု ဆရာတော်ထံမှ ကြားနာမှတ်သားဘူးပါသည်။

ထိုပဌမ မဟ္မနာဒဆရာတော်ဘုရားကြီးက မိမိနှလုံးသွင်းရင်းရှိသည့်အတိုင်း ရွတ်ဆိုဟောကြားခဲ့သော တရားဂါထာကို ပါဠိစာပေ မကျွမ်းကျင်သူများပါ သိရှိ ပွားများနိုင်ကြရန်

ဦးပဥ္စင်းတို့၏ဆရာတော်က တရားတော်၏ အလိုက် လက်ာများ နှင့်တကွ ဝိပဿနာလင်္ကာရာယာဉ်တင်နိုင်ရန် ဖော်ပြရာပါ ဒုတိယ တရားဂါထာနှင့် လင်္ကာတပုဒ်ကိုပင် ရေးသားတော်မူသည်ဟု ဆရာတော်၏အမိန့်ရှိသည်ကို ကြားရဘူးပါသည်။

သို့ဖြစ်ပါ၍ ယခုပေးပို့လိုက်သော တရားဂါထာများ သည် ပဌမဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ နောက်ဆုံးဟော ကြားခဲ့သော "ပစ္ဆိမဓမ္မကထာ" များပင် ဖြစ်ပါသဖြင့် ယခု ရိုက်နှိပ်မည့်စာအုပ်၌ ထည့်သွင်း ရိုက်နှိပ်သင့်သည်ဟု ယူဆမိ ပါသည်။

ထို့ကြောင့် ယခုပေးပို့လိုက်သော တရားဂါထာ လင်္ကာ များ၌ ပါရှိသည့် မင်းကွန်း ပဌမဓမ္မနာဒ ဆရာတော်ဘုရားကြီး ၏"နောက်ဆုံးဟောကြားမိန့်မှာတော်မူပုံ"ဖြစ်ရပ်မှန်ကို ဦးပဥ္စင်း တို့၏တိပိဋကဓရဆရာတော်ဘုရားအားချီးမြှင့်ပေးပါရန်လျှောက် ထားပြီးမှ ဆရာတော်ဘုရား မိန့်ကြားအပ်သော ဖြစ်ရပ်မှန် (နိဒါန်း) ကိုပါ ထည့်သွင်း ရိုက်နှိပ်မှု ပြုလျှင် ပို၍ကောင်းမည် ဟု ထင်မြင်မိပါသည်။

ပုံ/ဦးဝေပုလ္လာစာရ
ဓမ္မနာဒတိုက်-မင်းကွန်း။

ဤနောက်ဆက်တွဲပါ အကြောင်းအရာတို့ကို ထည့်သွင်း ရိုက်နှိပ်ရာဘွင် ဖော်ပြရာပါ အရှင်ဝေပုလ္လာစာရ၏ စာအရ အကျိုးများဘွယ်ရာ ဓမ္မအနှစ်သာရများသာ ဖြစ်ပါသဖြင့် ဆရာ

တော်ဘုရား ရန်ကုန်သို့ ကြွရောက်တော်မူစဉ် ဤပေးပို့ အမိန့်ရှိစာနှင့်တကွ နောက်ဆက်တွဲပါ တရားဓမ္မအားလုံးတို့ကို လျှောက်ထားပြသရာ ဆရာတော်ဘုရားကြီး၏ "ပစ္ဆိမဓမ္မကထာ"များကို ထည့်သွင်းလျှင်ကောင်းကြောင်းနှင့် ဆရာတော်ကိုယ်တိုင်စစ်ဆေးတည်းဖြတ်မည့်အကြောင်း အမိန့်ရှိပါသဖြင့် စာမူများကို ဆရာတော်ထံသို့ ပို့အပ်ဆက်ကပ်ပြီးလျှင်၊ အပြည့်စုံဆုံး ဖြစ်အောင် ကြိုးစားစီစဉ် ရိုက်နှိပ်မှုပြုလိုက်ရပါသည်။ ။

ပုံ/သန်းအောင်(ဓမ္မအကျိုးဆောင်)

အမှတ်၅၀/၂၀၅၊ ကျိုက်ဝိုင်းဘုရားလမ်း

သမိုင်း၊ ရန်ကုန်မြို့။

မင်းကွန်းပဋ္ဌာန
ဓမ္မနာဒဆရာတော်ဘုရားကြီး
နောက်ဆုံးဟောကြား အမိန့်ရှိခဲ့သည့်

ရုပ်နာမ်ရှုနည်းတရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝဇိရာထေရီ ရွတ်ဆိုအပ်သော ဂါထာ

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ။

ဣမသ္မိံ ကာယေ=ဤကိုယ်ကာယ တလံမျှ၌။ ဒုက္ခ မေဝ ဟိ=ရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည် သာလျှင်။ သမ္ဘောတိ=ဥပါဒ်ထင်ရှားဖြစ်ပွား၍နေ၏။ ဒုက္ခံ=ရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည်။ တိဋ္ဌတိ စ=ဌီခဏအနေဖြင့် တည်လည်း တည်ပေ၏။ ဝေတိ စ=ဘင်ခဏသို့ရောက်၍ ချုပ်လည်းချုပ်ပျောက်၏။ ဒုက္ခာ=ရုပ်နာမ်နှစ်ပါး ဒုက္ခတရားကို။ အညတြ-ဌပေတွာ=ချန်လှပ် ဖယ်ရှားအလွတ်ထား၍။ (အညံ=တပါးသော အက္ခရာလိပ်ပြာ သတ္တဝါ

သည်)။ န သမ္ဘောတိ=ဖြစ်သည်လည်းမဟုတ်။ ဒုက္ခာ=ရုပ်နာမ် နှစ်ပါး ဒုက္ခတရားမှ။ အညံ=တပါးသော အတ္တလိပ်ပြာ သတ္တဝါ ဆိုတဲ့သဘောသည်။ န နိရုဇ္ဈတိ=ချုပ်သည်လည်းမဟုတ်။ (ထို သဘောသည် ရှိလည်းမရှိ)။

ထိုဂါထာနှင့် သဘောတူ မင်းကွန်း ပဉ္စမ ဓမ္မနာဒဆရာ တော်ဘုရား နောက်ဆုံးဟောအပ်သည့် တရားဂါထာ-

နာမရူပံဝ သမ္ဘောတိ၊
တံဝ တိဋ္ဌတိ ဝေတိ စ။
နာညတြ တမှာ သမ္ဘောတိ၊
နာညံ တမှာ နိရုဇ္ဈတိ။ ။

ဣမသ္မိံ ကာယေ=ဤကိုယ်ကာယ တလံမျှ၌။နာမရူပံဝ= နာမ်ရုပ်တရား ဤနှစ်ပါးသည် သာလျှင်။ သမ္ဘောတိ=ဥပါဒ် ထင်ရှား ဖြစ်ပွား၍နေ၏။ တံဝ=နာမ်ရုပ်တရား ထိုနှစ်ပါးသည် သာလျှင်။ တိဋ္ဌတိ စ=ဌီခဏအနေဖြင့် တည်လည်း တည်ပေ၏။ ဝေတိ စ=ဘင်ခဏသို့ရောက်၍ချုပ်လည်းချုပ်ပျောက်၏။တမှာ= နာမ် ရုပ်တရား ထိုနှစ်ပါးကို။ အညတြ-ဌပေတွာ=ချန်လှပ် ဖယ် ရှား အလွတ်ထား၍။(အညံ=တပါးသော အတ္တလိပ်ပြာ သတ္တဝါ သည်)။ န သမ္ဘောတိ=ဖြစ်သည်လည်းမဟုတ်။ တမှာ=နာမ်ရုပ် တရား ထိုနှစ်ပါးမှ။ အညံ=တပါးသော အတ္တလိပ်ပြာ သတ္တဝါ ဆိုတဲ့သဘောသည်။ န နိရုဇ္ဈတိ=ချုပ်သည်လည်းမဟုတ်။ (ထို သဘောသည် ရှိလည်းမရှိ)။

ထိုဂါထာ၏ဆိုင်ရာ တရားလင်္ကာ

ဤကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါ တည့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်....၊ ခန္ဓာနာမ်ရုပ် မျှသာတည်း။

ထိုဂါထာ၏အဆက်

တိပိဋကဓရဆရာတော် ရေးသားအပ်သော

တရားဂါထာ

တဒွ ဟုတွာ အဘာဝေန၊
ဥဒယဗ္ဗယပိဠနာ။
အဝသဝတ္တနာ+နိစ္စံ၊
ဒုက္ခာ+နတ္တာဝ ကေဝလံ။　။

တဒွ=နာမ်ရုပ်တရား ထိုနှစ်ပါး သည်လည်း။ ဟုတွာ အဘာဝေန=ဖြစ်ပြီးသည့်နောက် တခဏချင်း ချုပ်ပျောက်တတ်သောကြောင့်။ ကေဝလံ အနိစ္စံဝ=သက်သက်ကေန် အနိစ္စမှန်စွာ့ တကား....။ ဥဒယဗ္ဗယပိဠနာ=ဖြစ်ခြင်းပျက်ခြင်း ဤနှစ်သင်းဖြင့် အတင်းအကြပ် နှိပ်စက်အပ်သောကြောင့်။ ကေဝလံ ဒုက္ခံဝ= သက်သက်ကေန် ဒုက္ခမှန်စွာ့ တကား....။ အဝသဝတ္တနာ=အလို အကြိုက်သို့ မလိုက်ပါခြင်းကြောင့်။ ကေဝလံ အနတ္တာဝ= သက်သက်ကေန် အနတ္တမှန်စွာ့တကား....။

ထိုဂါထာ၏ဆိုင်ရာ တရားလင်္ကာ

နာမ်ရုပ်တရား၊ဤနှစ်ပါးလည်း၊ရှည်လျားကာလ၊မတည်ကြပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး။ **သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်....၊ ဒုက္ခ+အနတ္တချည်းပါတကား။**

ဤတရားဂါထာ ဖြစ်ပေါ်လာပုံ အကြောင်းစုံကို သာသနာတော် - ၂၅၁၄-ခုနှစ်၊ ကောဇာသက္ကရာဇ်-၁၃၃၂-ခု၊ ဝါဆိုလပြည့်ကျော် (၈) ရက်နေ့ မင်းကွန်း တိပိဋကဓရဆရာတော်-အရှင်ဦးဝိစိတ္တသာရာဘိဝံသ မန္တလေးမြို့ (ဟေမမာလာ-မျက်ပါး ရပ်ကွက်) ဥပုသ်တရားပွဲတွင် ဟောကြားအပ်သော တိပ်ခွေတရားမှ ထုတ်နုတ်ပြီး ဆရာတော်ကိုယ်တိုင် ထပ်မံစိစစ်လျက် ဖော်ပြအပ်ပါသည်။

ဤတရားဂါထာများနှင့် ဓမ္မလင်္ကာများ ဖြစ်ပေါ်လာပုံအကြောင်း

ဒီတရားဂါထာ လင်္ကာများဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်ပြောကြပါစို့ —

ဓမ္မနာဒတိုက်ကို အစဆုံး တည်ထောင်သွားတဲ့ (ဘုန်းကြီး၏ ဥပဇ္ဈာယ်ဆရာ) ပဌမ ဓမ္မနာဒဆရာတော်ဟာ “၁၂၉၉-ခုနှစ် တော်သလင်းလပြည့်ကျော် (၉) ရက်နေ့မှာ ပျံလွန်တော်မူပါ တယ်။” ဆရာတော် ပျံလွန်ဘော်မမူခင် ၄-၅-ရက်အလိုမှာ ဗိုလ် တိခြေ ကြွေတော့မည့် အရိပ်နိမိတ်ကို တွေ့မြင်ရသဖြင့် မိမိဇ

ဥပဇ္ဈာယ်ဆရာဖြစ်လေတော့ "ဆရာတော်မှာ မေ့မေ့လျော့လျော့ များ ဖြစ်နေမည်လား" လို့စုံစမ်းသောအနေဖြင့် လျှောက်ထား၍ ဆရာတော်က ပြန်လည်အမိန့်ရှိတော်မူပုံတို့မှာ—

(တပည့်) ဆရာတော်ဘုရား....အသညသတ်ဘုံသို့ ရောက်ကြတဲ့ ဗြဟ္မာတွေမှာ နာမ်တရားကို ရှု ရှာမှုန်းတီးမှုဟာ လမ်းမှန်တယ်မဟုတ်လားဘုရား။

(ဆရာ) မှန်တယ်ကွ။

(တပည့်) အရူပဗြဟ္မာ့ဘုံသို့ သွားကြတဲ့ ဗြဟ္မာတွေမှာ ရုပ်တရားကို ရှု ရှာမှုန်းတီး စက်ဆုပ်မှုဟာကော လမ်းမှန်တယ် မဟုတ်လား ဘုရား။

(ဆရာ) အိမ်း....မှန်တယ်ကွ။

(တပည့်) ဒါဖြင့်လျှင်ဘုရား အဲဒီ အမှန် နှစ်ခုကို စုပြီးတော့ "ဓိ နာမရူပံ+ဓိ နာမရူပံ။နာမရူပံ=နာမ်ရုပ် တရား နှစ်ပါး သည်။ ဓိ=စက်ဆုပ်ရှု ရှာဖွယ် ကြောက်လန့်ဖွယ်တွေပါတကား။ နာမရူပံ=နာမ်ရုပ် တရားနှစ်ပါးသည်။ ဓိ=စက်ဆုပ်ရှု ရှာဖွယ် ကြောက်လန့်ဖွယ်တွေပါတကား" အဲဒီလိုနှလုံးသွင်းလျှင် ပြည့်စုံနိုင်တယ်မဟုတ်လားဘုရား၊ ဘာလိုသေးတယ်လို့ ပြောစရာမရှိဘူး မဟုတ်လားဘုရား....လို့ လျှောက်ထားတော့—

(ဆရာတော်က) အိမ်း....ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ ဟို....ဒို့သံယုတ်ပါဠိတော်မှာလာတဲ့ "မာရ်နတ်က အသက်ခုနစ်နှစ်အရွယ်မျှရှိသေးတဲ့ ဝဇိရာထေရီ ရဟန္တာမလေးထံ လာပြီးတော့ မဟုတ်မဟပ် ပြောဘူးတယ်၊ အဲဒီလိုပြောတုန်းက ဝဇိရာထေရီ ဘိက္ခုနီမလေးက ပြန်ရွတ်တဲ့ဂါထာ သံယုတ်ပါဠိတော်မှာ ပါတယ်၊" အဲဒီဂါထာဟာ –

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ။

လို့ရှိတယ်မဟုတ်လားကွာ။

(တပည့်) ရှိပါတယ်ဘုရား။

(ဆရာ) အေး....ဒီတော့ ရုပ်,နာမ်တရားကို ချုပ်ကြည့်လိုက်လျှင် ဒုက္ခပဲ၊ ဒုက္ခဆိုတာဟာ ရုပ်နာမ်တရားပဲ၊ ဒီတော့ သူက အလွန်ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဒုက္ခ-လို့ ဆိုလိုက်လျှင် ရုပ်နာမ်တွေအကုန် မြင်ကုန်တယ်ကွ။ ဒီတော့-ဒို့ အနေနဲ့ ဆိုလျှင် အဲဒီ ဒုက္ခ-ဆိုတဲ့နေရာမှာ ဒုက္ခရဲ့အရ တရားကိုယ်ဖြစ်တဲ့ နာမ် ရုပ်နဲ့ သွားလျှင် ပိုမကောင်းဘူးလားကွ-

နာမရူပံဝ သမ္ဘောတိ၊
တံဝ တိဋ္ဌတိ ဝေတိ စ။
နာညတြ တမှာ သမ္ဘောတိ၊
နာညံ တမှာ နိရုဇ္ဈတိ။ ။

အဲဒီလို နှလုံးသွင်းကွ သိပ်ကောင်းဒါပဲ။ ။(ဆရာတော်ဘုရားကား ဤမျှအမိန့်ရှိခဲ့ပါသည်၊ ဤမျှ အမိန့်ရှိလျှင်ပင် မိမိအနေဖြင့် "ငါ့ဆရာ သတိမမေ့ဘူး" ဟု အကဲခပ်၍ရရှိပြီး စိတ်ထဲက အားရကျေနပ် ထပ်၍မလျှောက်တော့ပါ)။

ဒီဂါထာကို အနက်ပေးကြည့်ရအောင်—

ဣမသ္မိံ ကာယေ=ဤကိုယ်ကာယ တလံမျှ၌။ နာမရူပံဝ= နာမ်ရုပ်တရား ဤနှစ်ပါးသည်သာလျှင်။ သမ္ဘောတိ=ဥပါဒ်

ထင်ရှား ဖြစ်ပွား၍ နေ၏။ တံဝ=နာမ်ရုပ်တရား ထိုနှစ်ပါးသည် သာလျှင်။ တိဋ္ဌတိ စ=ဌီခဏ အနေဖြင့် တည်လည်း တည်ပေ၏။ ဝေတိ စ=ဘင်ခဏသို့ရောက်၍ ချုပ်လည်းချုပ် ပျောက်၏။ ။ (ဒီတလံမျှလောက်သော ခန္ဓာကိုယ်မှာ နာမ်တရား, ရုပ်တရား နှစ်ပါးသည်သာလျှင် ဖြစ်ကြ + တည်ကြ + ချုပ်ပျောက်ကြ တယ်)။

တမှာ=နာမ်ရုပ်တရား ထိုနှစ်ပါးကို။ အညတြ—ဌပေတွာ= ချန်လှပ် ဖယ်ရှား အလွတ်ထား၍။ (အညံ=တပါးသော အတ္တ လိပ်ပြာ သတ္တဝါသည်။ ဝါ-ငါ, သူတပါး, ယောကျ်ား,မိန်းမ ဆိုတဲ့ ပညတ် သဘောတွေသည်)။ န သမ္ဘောတိ=ဖြစ်သည် မဟုတ်။ တမှာ=နာမ်ရုပ်တရား ထိုနှစ်ပါးမှ။ အညံ=တပါးသော အတ္တလိပ်ပြာ သတ္တာ ါဆိုတဲ့ သဘောသည်။ န နိရုဇ္ဈတိ=ချုပ် သည်မဟုတ်။ ။(ဒီ နာမ် ရုပ်နှစ်ပါး အလွတ် ထားပြီးတော့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဆိုတဲ့ သဘောတွေဟာ ရှိကို-မရှိဘူး၊ မရှိတဲ့ တရားတွေကို ဖြစ်တယ် ဆိုလို့လဲမရဘူး၊ ချုပ်တယ်- ဆိုလို့လဲ မရဘူး၊ အမှန်ရှိတာတာ ရုပ်နာမ် နှစ်ပါးပဲ ရှိတယ်၊ အဲဒီရှိတဲ့ ရုပ်နာမ်တွေသာ ဖြစ်ကြ+ ချုပ်ကြတယ်၊ ဤကဲ့သို့ ကြည့်ရပါမယ်)။

နာမရူပံဝ သမ္ဘောတိ၊ တံဝ တိဋ္ဌတိ ဝေတိ စ-အစရှိတဲ့ ဒီဂါထာကို ကြားရလျှင် ပါဠိစာပေနားလည်တဲ့ ဆရာတော် များ ပါဠိပညာရှင်များ ကျတော့ "ဟာ—ဒီဂါထာလေး သိပ် ကောင်းဒါပဲ"လို့ မှတ်ချက် ချတော် မူကြပါမယ်၊ အဓိပ္ပါယ် အလေးအနက်ကိုလဲ သိကြပါတယ်။ မြို့ထဲ, ရပ်ထဲ, ရွာထဲက ဒကာ, ဒကာမတွေကျတော့ ဘယ့်နှယ်လုပ် သိဖြစ်မလဲ၊ မသိနိုင်

ကြဘူးပေါ့၊ သူတို့သိအောင်ဟာ ဘုန်းကြီးတို့ အသိဉာဏ်ပေး‌
မဲ့ တာဝန် ဝတ္တရားရှိတယ်။ ရှိလို့ ပေးရမယ် ဆိုပြန်တော့လဲ
ဒီ-သမထ+ဝိပဿနာ ဘာဝနာအလုပ်ဆိုဒါ အလုပ်ကိုယ်နှိုက်က
အင်မတန် ခြောက်ခြောက်သွေ့သွေ့ရှိတယ်၊ လုပ်ရင်းလုပ်ရင်း
ငိုက်သွားချင်တတ်တယ်။

ဒီတော့ စိတ်ကလေးလဲ နဲနဲ ရွှင်ရွှင် လန်းလန်းနဲ့ အား
ထုတ် ဖြစ်အောင်လို့ ဆိုပြီးတော့ ရှေး ဆရာတော် ကြီးများ
သံဝေဂလင်္ကာ ရေးသကဲ့သို့ အဲဒီဂါထာ၏ဆိုင်ရာ တရားလင်္ကာ
အနေနဲ့ ဤဆိုလတ္တံ့သော အတိုင်း ရေးသားထားပါတယ်—

ဤကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ ။(နာမရူပံဝ သမ္ဘောတိ၊ တံဝ တိဋ္ဌတိ ဝေတိ စ-ဒီဂါထာ ရှေ့ထက်ဝက်ကို ချုပ်ကဲ့လင်္ကာ ဖြစ်ပါတယ်)။ ။နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည့်၊ဤမှာဇီဝ၊ ဤအတ္တ-ဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်....၊ ခန္ဓာနာမ်ရုပ်မျှသာတည်း။ (နာညတြ တမှာ သမ္ဘောတိ၊ နာညံ တမှာ နိရုဇ္ဈတိ-ဆိုတဲ့ ဂါထာ နောက်ထက်ဝက်ဆိုင်ရာ လင်္ကာဖြစ်ပါ တယ်)။

ကိုယ့်အိမ်ကျတော့ တိတ်တိတ် ဆိတ်ဆိတ် စိတ်အေး
လက်အေးနှင့် ဖြေးဖြေးစဉ်းစားပြီးတော့ နှလုံးသွင်းကြည့်ပါ၊
အဲဒီလို နှလုံးသွင်း ကြည့်လျှင် "အေး....ဟုတ်သားပဲ တလံမျှ
လောက်သော ငါရဲ့ကိုယ်မှာ နာမ်တရား ရုပ်တရား နှစ်ပါးပဲ
ရှိတယ်ဟဲ့၊ ဒီ နာမ်ရုပ်နှစ်ပါးကို အလွတ်ထား၍ 'ဒီဟာကတော့
လိပ်ပြာ,ဒီဟာကတော့-ငါ, ဒီဟာကတော့-ဇီဝ,ဒီဟာကတော့—

အတ္တ,ရယ်လို့ အခိုင်အမာ အနှစ်သာရ ဘာမျှမရှိဘူး၊ တကယ် ရှိတာက ရုပ်တရား နာမ်တရား နှစ်ပါးပဲရှိတယ်”လို့ ကျေကျေ နပ်နပ် သိလာလိမ့်မယ်။

“ဤကိုယ်ကာယ၊ တလံမျှ၌၊ (ပ)၊ ခန္ဓာနာမ်ရုပ် မျှသာ တည်း” အဲဒီလို ထပ်ဘလဲလဲ လေးလေး ဆေးဆေး တွေးတွေး မြော်မြော် နှလုံးသွင်းနေရင် မိမိတို့ ထင်နေတဲ့ ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောကျ်ား,မိန်းမ-ဆိုတဲ့ ပညတ် သဘောတွေနဲ့ တကယ်ရှိနေသော နာမ်ရုပ်နှစ်ပါးတို့ကို ကွဲကွဲပြားပြား သိသွား မယ်၊အဲဒီလို သိတဲ့ဉာဏ်ကို “နာမရူပဝဝတ္ထာနဉာဏ်=နာမ်တရား ရုပ်တရားဆိုတဲ့ ပရမတ္ထဘက်နဲ့ ဟို....ပညတ်ဘက်က ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး,ယောကျ်ား, မိန်းမ—စတဲ့ သဘောတွေ ကို ခွဲခွဲခြမ်းခြမ်း ပိုင်းပိုင်းခြားခြား သိသောဉာဏ်”လို့ ခေါ်ပါ တယ်။ အဲဒီလင်္ကာကို မကြာမကြာ ရွတ်ဆို နှလုံးသွင်းခြင်းဖြင့် နာမရူပဝဝတ္ထာနဉာဏ်ကို ရင့်သန်စေနိုင်ပါတယ်၊ ဖြစ်ပွားစေ နိုင်ပါတယ်၊ ရစေနိုင်ပါတယ်။

ဒီ....နာမရူပဝ ဝတ္ထာနဉာဏ်ကိုရရုံနဲ့ ဝိပဿနာသို့ရောက် ပြီလားဆိုတော့ မရောက်သေးပါဘူး၊ (ဆရာတော်နဲ့ ပြော ကြား မေးမြန်း တုန်းက တော့လဲ ဒါနဲ့ပဲ ပြီးလိုက်ပါတယ်)။ နောက်ကျတော့ — “ဩ....ဒီဂါထာနှင့် လင်္ကာက ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ နယ်တို့မှာ ပါရှိတဲ့ ၁-နာမရူပပရိဂ္ဂဟဉာဏ် (တနည်း) နာမရူပ ပရိစ္ဆေဒဉာဏ်၊ ၂-ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ၃-နာမရူ ဝဝတ္ထာနဉာဏ်-ဆိုတဲ့ ဉာဏ်သုံးပါးထဲမှာ တပါး အပါအဝင်ပဲ ရှိသေးတယ်၊ ဝိပဿနာဉာဏ် ဆယ်ပါးထဲမှာ ဘာဉာဏ်မှ မဟုတ်သေးဘူး။ ဒီတော့ ဝိပဿနာ ရောက်အောင်

နှလုံးသွင်းဖို့ ဆက်ကြဦးမှပဲ''လို့ နောက်ကျတော့ လွယ်လွယ်နဲ့ပဲ ဤဆိုလတ္တံ့သော ဂါထာနှင့် လက်ာတို့ ပေါ်လာတယ်—

တဥ္စ ဟုတွာ အဘာဝေန၊
ဥဒယဗ္ဗယပီဠနာ။
အဝသဝတ္တာနံ+နိစ္စံ၊
ဒုက္ခာ+နတ္တာဝ ကေဝလံ။

(ဤဂါထာအနက် ရေးကရေးခဲ့ပေးခဲ့ပြီ) ဤဂါထာ အတိုင်းရွတ်ဆိုပွားများ နှလုံးထားလျှင် အနိစ္စ+ဒုက္ခ+အနတ္တ-လို့ ဝိပဿနာရှုတဲ့ သမ္မသနဉာဏ်ဖြစ်နိုင်တယ်။

ပါဠိပညာရှင်တို့ နှယ်ပယ်ကတော့ ဒီဂါထာကို ကြားလိုက်လျှင်ပဲ ''ဒီဂါထာဟာ ကောင်းတယ်''လို့ နှစ်သက်တော်မူနိုင်ကြပါတယ်၊ ဒကာ,ဒကာမတွေအနေနဲ့ ကျတော့ ဒီဂါထာရဲ့ အဓိပ္ပါယ်ကို ပါဠိကိုကြားရုံနဲ့ ဘုန်းကြီးများသိသလောက် မသိနိုင်ဘူး၊ ဒီတော့ ဒါကလဲ လိုအပ်သေးတယ်၊ လိုအပ်သည့်အတိုင်းပဲ ဒကာ,ဒကာမများအတွက် လွယ်လွယ်နှင့်ဆက်ပြီးတော့ ဟောဒီ နောက်ဂါထာရဲ့ လင်္ကာလဲ ပေါ်လာတယ်—

နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်....၊ဒုက္ခ+အနတ္တချည်းသာတည်း။

''နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏'' ဩ....ဒီခန္ဓာကိုယ်မှာ ရှိနေတဲ့ နာမ်တရား,ရုပ်တရား ဒီနှစ်ပါးတို့ဟာလဲပဲ ကာလ

ရှည်လျားစွာ မတည်ကြဘူး၊နံက်ကဖြစ်တဲ့ နာမ်ရုပ် နံက်မှာပင် ချုပ်တယ်၊ နေ့လယ်ဖက်မပါဘူး။ ယခုနေ့လယ်မှာဖြစ်တဲ့ နာမ်ရုပ် နေ့လယ်မှာပဲချုပ်တယ်၊ ညနေဖက်မပါဘူး။ အို....ကုန်ကုန် ပြောရလျှင် တရားဟောစကဖြစ်တဲ့ နာမ်ရုပ် တရားဟောစကပဲ ချုပ်တယ်၊ ယခုအချိန်ထိအောင် မပါဘူး။ ဩကာသ–ဆိုတုန်း ကအသံကို ပြန်ကြည့်ကြရအောင်.... (ကာ) ရောက်တော့ (ဩ) တုန်းက နာမ်ရုပ် မရှိတော့ဘူး။ (သ)ရောက်တော့ (ကာ)တုန်း က နာမ်ရုပ် မရှိတော့ဘူး။ ရှေ့စဉ်နောက်စဉ် တခါထဲ သူ့နေရာ မှာပင်သူတို့ ချုပ်ပျောက်ကုန်ကြတယ်။ အဲဒီလိုကြည့်ပြီးတော့ "နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည် ကြပဲ့၊ ခဏဖြစ်လျက်၊ခဏပျက်၏"ဟု ရွတ်ဆိုနှလုံးသွင်းကြည့်ပါ။ ဒီစာပိုဒ်က အနိစ္စအချက်ပေါ်အောင် နှလုံးသွင်းပုံကို ဖော်ပြတဲ့ စာပိုဒ်ဖြစ်ပါတယ်။

"နှိပ်စက်ခြင်းရာ" ဒီစာပိုဒ်က ဒုက္ခအချက်ပေါ်အောင် ဖော်ပြတဲ့ စာပိုဒ်ဖြစ်ပါတယ်။ ဖြစ်ခြင်း+ပျက်ခြင်းဆိုတဲ့ ဒီ၂ဝေါ ဟာရစကားလုံးဟာ သာမန်အနေဖြင့်ကြည့်လျှင် ထိတ်လန့်ဖွယ် ဟု မှတ်ထင်ရန် မရှိသော်လည်း နက်နက်နဲနဲ ဉာဏ်ပညာမျက်စိ ဖြင့် ကြည့်ရှုဆင်ခြင်လျှင် လွန်စွာကြောက်ဖွယ်အချက် ထင်ရှား လာနိုင်ပါတယ်။ဖြစ်-လို့ဆိုတဲ့ ဥပါဒ်ခဏမှာ ဇာတိတည်းဟူ သော ရန်သူရဲ့ အနှိပ်စက်ခံနေရတယ်၊ ပျက်-ဆိုတဲ့ ဘင်ခဏမှာ မရဏတည်းဟူသော ရန်သူရဲ့ အနှိပ်စက်ခံနေရတယ်၊ အေးလေ ဖြစ်ပေါ်လာသမျှရုပ်နာမ်တရားတွေမှာ ဥပါဒ်ခဏ=ဖြစ်ဆဲခဏ+ ဌီခဏ=တည်ဆဲခဏ + ဘင်ခဏ=ပျက်ဆဲခဏ ရယ်လို့ အချိန် ပိုင်းသုံးခုရှိကြသည်အနက် ဖြစ်-ဆိုသောဥပါဒ်ခဏမှာ ဇာတိ

ဆိုတဲ့ရန်သူရဲ့ မလိမ့်တပါတ် အနှိပ်စက်ခံနေရတယ်၊ တည်-ဆို သော ဌီခဏမှာ ဇရာဆိုတဲ့ရန်သူရဲ့ မလှုပ်နိုင်အောင် အနှိပ်စက် ခံနေရတယ်၊ ပျက်-ဆိုတဲ့ဘင်ခဏမှာ မရဏဆိုတဲ့ရန်သူရဲ့ သေ အောင်အနှိပ်စက်ခံနေရတယ်၊ ခဏငယ်သုံးချက် အပိုင်းသုံးပိုင်း လုံးမှာပင် အနှိပ်စက်မခံရတဲ့ အပိုင်းဟူ၍ လုံးဝမရှိ၊အပိုင်းသုံးပိုင်း လုံးမှာပင် အနှိပ်စက်ခံနေရဒါကို ရည်ရွယ်ပြီး "နှိပ်စက်ခြင်းရှာ" ဟု စပ်ဆိုခဲ့ပါတယ်၊ ဒါ့ကြောင့် ဒုက္ခလက္ခဏာကျတော့ "ဥဒ ယဗ္ဗယပိဠနဋ္ဌေန ဒုက္ခံ"လို့ ဘုရားဟောတော်မူခဲ့ပါတယ်။

အဲ-ပကိဏ္ဏကဒေသနာ အဋ္ဌကထာကျတော့ ဒီ-ဇာတိ+ ဇရာ+မရဏတို့ကို ရန်သူသုံးယောက်နဲ့ ဥပမာပေးထားတယ်။ (သမ္မောဟဝိနောဒနီ အဘိဓမ္မာအဋ္ဌကထာမှာ)၊ရန်သူသုံးယောက် တဲ့-သူတို့ရန်သူ လူဘယောက်နှင့်ပတ်သက်ပြီးတော့ ဒီလိုတိုင်ပင် ကြသတဲ့၊ (ပဌမရန်သူက) "မပူကြပါနဲ့ကွာ....ဒီအကောင် ဆွေတွေမျိုးတွေနဲ့ကွဲပြီး တယောက်ထဲ တောအုပ်သို့ရောက်လာ အောင် ထုတ်ခဲ့ဘို့ကတော့ ငါ့တာဝန်ထား"လို့ အာမခံသတဲ့။ (ဒုတိယ ရန်သူက) "မင်းကသာ တောအုပ်ထဲရောက်အောင် ထုတ်လာလျှင် ဒီအကောင် မလှုပ်နိုင်အောင် ရိုက်ပုတ်ညှင်းဆဲ နှိပ်စက်ဖို့ကတော့ ငါ့တာဝန်ထား"လို့ ပြောသတဲ့။တဖန် (တတိ ယရန်သူက) "အေး....မင်းက ပြန်ပြီး မနှိပ်စက်နိုင်အောင် ရိုက်ပုတ်ညှင်းဆဲနှိပ်စက်လို့ ဒီအကောင် ပင်ပန်းနေပြီဆိုလျှင် တချက်ထဲနဲ့ အသက်ပျောက်အောင် နှိပ်စက်ဖို့ ငါ့တာဝန်ထား" လို့ အဲဒီလို ရန်သူသုံးဦးတို့ တိုင်ပင်ကြပြီး မြို့ထဲ,ရွာထဲ ဆွေနှင့် မျိုးနှင့် တင့်တင့်တယ်တယ်နေတဲ့ (သူတို့သုံးယောက်ရဲ့ ရန်သူ) အဲဒီပုဂ္ဂိုလ်ကို ပဌမရန်သူက သူ့ဝန်ခံတဲ့အတိုင်း တောအုပ်ထဲ မလိမ့်

တပါတ်ခေါ်လာတယ်။ ဒုတိယရန်သူက ဘာမှ ပြန်မလုပ်နိုင်အောင် ရိုက်နှက်ပုတ်ခတ်တယ်။တတိယရန်သူကျတော့ ထိုသူ့ကို အသက်ဆုံး စီရင်လိုက်တယ်။

အဲဒီရန်သူသုံးဦးတို့လိုပဲ ဇာတိ+ဇရာ+မရဏ ဆိုတဲ့(ဖြစ် +တည်+ပျက်) ဒီတရားသုံးပါးတို့လဲပဲ ယခုဘဝ မိနဲ့၊ ဖနဲ့၊ သားနဲ့၊ သမီးနဲ့၊ မြေးနဲ့၊ မြစ်နဲ့၊ ဆွေနဲ့၊ မျိုးနဲ့ ဘဝ အသိုက်အအုံ အင်မတန် တင့်တယ်နေတုန်း ဇာတိက လာပြီး တော့ ဗျုန်းကနဲဆို ဆွဲခေါ်သွားတယ်၊ ဟာ....ဟိုဘဝတခုမှာ တခါထဲ ပါသွားပြီ။ ဘဝတောအုပ်ကြီးထဲ ရောက်သွားပြီ၊ ဆွေတွေမျိုးတွေနဲ့ ကင်းကွာခဲ့ပြီ။

ဒီသတ္တဝါ အဲဒီဘဝတောအုပ်ထဲ ရောက်တဲ့အချိန်က စပြီးတော့ မသိမသာ ပဌမပိုင်းမှာ ဇရာက နှိပ်စက်လာတယ်၊ သူ့ရဲ့နှိပ်စက်တဲ့ဒဏ်တွေ ဘယ်တော့မှ ကောင်းကောင်း ပေါ်လွင်ထင်ရှား လာသလဲလို့ဆိုတော့ အသက် လေးဆယ်ကျော် ငါးဆယ်ကျော်တော့ ပေါ်လွင်လာပြီ၊ ဆံပင်တွေဖြူလာပြီ၊ ဆံတွေဖြူတယ်၊ သွားတွေကြွေတယ်၊ အရေတွန့်တယ်-ဆိုဒါ ဇရာရန်သူရဲ့ ပြန်ပြီးမလှန်နိုင်အောင် နှိပ်စက်တဲ့ ဒဏ်ချက်ပဲဖြစ်ပါတယ်။အဲဒီလိုနှိပ်စက်လို့ ဟိုဘက်လဲရောက်ရော၊ မရဏ-ဆိုတဲ့ တတိယရန်သူက အသက်ဆုံး စီရင်လိုက်တယ်၊ ဘာတတ်နိုင်သေးတုန်း။ အဲဒီဘာဘဝ တဘဝမှာ ဒီ-ဇာတိ+ဇရာ+မရဏ-ဆိုတဲ့ တရားသုံးမျိုး (ဖြစ်+တည်+ချုပ်) တို့ဟာ သတ္တဝါတွေရဲ့ ရန်သူကြီး သုံးဦးလို့ ဝိဘင်းအဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဒါကြောင့်-ဖြစ်တယ်+တည်တယ်+ပျက်ဘယ် ဆိုဒါဟာ အနှိပ်

စက်ခံနေရဒါပါ၊ အဲဒီလို အနှိပ်စက်ခံနေရတဲ့အတွက် "နှိပ်စက ခြင်းရာ"လို့ ဖွင့်ဆိုခဲ့ပါတယ်။

"လိုမပါဘူး"-ဆိုဒါကတော့ အနတ္တအချက်ကို ဖွင့်ဆိုခြင်း ဖြစ်ပါတယ်။ ဩ....တရားနာခိုက်မှာဖြစ်တဲ့ (၁)တရားနာတဲ့စိတ် (၂) တရားသံ=ဤတရားတော်သည် အလွန် ကောင်းပါတကား ဒီစိတ်နှင့် ဒီအသံတွေကို ဒို့အိမ်ရောက်အောင် ယူသွားမယ် ဆိုလို့ ရရဲ့လားတဲ့၊ မရဘူးနော်၊ ကိုယ့်အလိုသို့ တစိုးတစိမှ မပါဘူး၊ အဲဒီလို အလိုမပါတဲ့အတွက်"လိုမပါဘူး"လို့ ဖွင့်ဆို ခဲ့ပါတယ်၊ အနတ္တအချက်ပေါ်အောင် ဖော်ပြခြင်းဖြစ်ပါတယ်။

သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊
အနိစ္စသည်....၊ဒုက္ခ+အနတ္တချည်းသာတည်း။(သို့မဟုတ်)
ဒုက္ခ+အနတ္တပါတကား-

လို့ မိမိနှစ်သက်သလို ပွားယူကြပါ။ ယခု တရားနာနေစဉ် သုံး ခေါက်လောက်လိုက်၍ အဆိုခိုင်းလျှင် အနည်းဆုံး ၁၅-မိနစ် လောက် အချိန်ကုန်သွားပါမယ်၊မိမိတို့အိမ်ရောက်တော့မှ စိပ်စိပ် စေးစေး နှလုံးသွင်းကြပါလေ။

ဝိပဿနာဉာဏ် ဆယ်ပါး

ဒါဖြင့်လျှင် အဲဒီလို ပွားများ နှလုံးသွင်းတော့ ဘာဖြစ် မလဲလို့ မေးစရာရှိပါတယ်၊ လက္ခဏာသမ္မသနဉာဏ်လို့ ခေါ်တဲ့ ပဌမဝိပဿနာဉာဏ်ဖြစ်တယ်လို့ ဖြေရပါမယ်။ဒီလို အနိစ္စ+ဒုက္ခ+ အနတ္တလို့ ရှုတဲ့လက္ခဏာသမ္မသနဉာဏ်ကို အထက်ဖြစ်တဲ့ဝိပဿနာ ဉာဏ်တို့မှာလဲ အကျွပ်သဘော အသုံးပြု ရှုရပါမယ်။ (၁)

သမ္မသနဉာဏ်ဖြင့် နှလုံးသွင်းဖန်များလို့ ရင့်သန်လာတဲ့ အခါကျတော့–"ဩ....ဤ တလံမျှလောက်သော ခန္ဓာကိုယ်မှာ နာမ်တရားဖြစ်တယ်ဆိုဒါ ခံစားမှုသဘော, မှတ်သားမှု ပါးနပ်မှု သဘော, ပြုပြင်မှု (ကာယကံ+ဝစီကံ+မနောကံ) သဘော, အာရုံယူမှုသဘောများ ထင်ရှားဖြစ်လာတာကို ခေါ်တာပါပဲ၊ ရုပ်တရားဖြစ်တယ်ဆိုဒါက ကြမ်းမှု+နူမှု+ပူမှု+အေးမှု+ပျော့မှု+မာမှု–ဒီသဘာဝတွေ ဖြစ်လာတာကို ခေါ်တာပါပဲ၊ ဖြစ်တယ်+ပျက်တယ်ဆိုတာလဲဒီသဘာဝတွေဖြစ်+ပျက်တာကိုပင်ခေါ်တာ ပဲ–လို့(အနိစ္စ+ဒုက္ခ+အနတ္တ–ဟု ရှုဖန်များလာလျှင်)ရုပ်နာမ် နှစ်ပါး၏ အဖြစ်သဘော+အပျက်သဘောတွေကို ဉာဏ်အမြင်တဆင့် တိုးပြီးတော့ သိလာလိမ့်မယ်"။ (ပရိယတ်ကျွမ်းကျင်သော ဆရာတော်များအနေနှင့် အကြောင်းနှင့် ဆက်စပ်၍ ခန္ဓာငါးပါး၏ ဖြစ်ပုံ+ပျက်ပုံတို့ကို ၄–ချက်စီ ၄–ချက်စီသိနိုင်သော်လည်း စာပေ ပရိယတ် မသင်ကြားဘူးသောလူများအဖို့မှာမူ ခဏနှင့်ဆက်စပ် ၍ ရှေးဖော်ပြရာပါအတိုင်း ဖြစ်+ပျက်သဘောတို့ကို သိနိုင်ခွင့် ရှိပါသည်)။ ထိုသို့ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပုံ+ပျက်ပုံတို့ကို တဆင့်တိုးပြီး သိသောအသိဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟူ၍ ခေါ်ပါသည်။ (၂)

ဥဒယဗ္ဗယဉာဏ်သို့ ရောက်ပြီးတော့လဲပဲ အနိစ္စ+ဒုက္ခ+အနတ္တကို ဒီလင်္ကာအတိုင်းပင် ရှုရပါမည်၊ ရှုလို့ ပိုကောင်းလာလိမ့်မည်။ ဥဒယဗ္ဗယဉာဏ်နှင့် သမ္မသနဉာဏ်တို့ တလှည့်စီ(ဖြစ်+ပျက်ကိုရှုလိုက်၊ အနိစ္စ+ဒုက္ခ+အနတ္တကိုရှုလိုက်ဖြင့်) အဖြစ်များ၍ အားကောင်းလာသောအခါ ဘာကိုတိုးမြင်လာမလဲ၊ "ဩ.... ဖြစ်တယ်ဆိုဒါ စကားထဲ ထဲ့၍သာပြောရ၊ နောက်ဆုံးကျတော့

ပျက်ထသွားချည့်ပါတကား”လို့ အဖြစ်ဖက်ကို ဦးစားမပေး အလေး မပြုတော့ပဲ အပျက်တခုတည်းကိုချည်း မဲပြီး ရှုလာလိမ့်မယ်။ လိုရင်းတော့–အပျက်ကို မြင်မှုလဲပဲ ရုပ်နာမ်ခန္ဓာ သံသရာကြီး မှ ငြီးငွေ့မှာ ဖြစ်ပါတယ်။ အဲဒီလို အပျက်ဖက်ကို ဦးစားပေးပြီး တော့ “အိုး....အဖြစ်ဆိုဒါ စကားထဲမှာ ထဲ့ပြီး ပြောလို့သာ ပြောနေရဒါ၊ ပျက်ထသွားချည်းဘဲကိုး”လို့ တဆင့်တိုး တမျိုး တက်လာတဲ့ အသိဉာဏ်ကို ဘင်္ဂဉာဏ်လို့ခေါ်ပါတယ်။အဲဒီအခါ မှာလဲပဲ အနိစ္စ+ဒုက္ခ+အနတ္တ-ကို လက်မလွှတ်နှင့် ကြည့်လေ၊ ပို၍ ပို၍ ကြည့်ကောင်းလာလိမ့်မယ်။ (၃)

တပျက်ထဲပျက်နေတာတွေကို မြင်ဖန်များလာပြီဆိုတော့ “ဟာ....တကယ်ဆိုတော့ ဒို့-တလံမျှလောက်သော ဒီ ခန္ဓာကိုယ် အတွင်းမှာ ဖြစ်နေတဲ့တရားတွေဟာ သာယာဖွယ်မဟုတ်ပါတ ကား၊ ကြောက်လန့်ဖွယ်တွေပါတကား”လို့ တဆင့်တိုးပြီး တမျိုးသိမြင်လာလိမ့်မယ်၊ အဲဒီဉာဏ်ကို ဘယဉာဏ်လို့ခေါ်ပါ တယ်၊ (ကြောက်တယ်ဆိုဒါ ဒီနေရာမှာ ဒေါသ၏ အစွမ်းဖြင့် ကြောက်တာမဟုတ်ဘူးနော်၊ ဉာဏ်ပညာဖြင့် ကြောက်ထာ= ကြောက်စရာတရားတွေပါတကားလို့ သိလာတာ။ “ဟာ– ဒီ ရုပ်နာမ်တရားတွေဟာ တကယ်ဆိုတော့ ကြောက်စရာတရား တွေပါတကား၊ စောစောကတော့ ငါသည် အားကိုးရမဲ့ တရား တွေ့ ခိုမင်ရမဲ့ တရားတွေလို့ အောက်မေ့ခဲ့တယ်၊ ကြပ်ကြပ် ကြည့်ဖန်များမှ ကြောက်စရာတရားတွေပါတကား”လို့ သိလာ လိမ့်မယ်၊အဲဒီလို ပညာသိ သိတဲ့အသိမျိုးကိုမှ(ကြောက်ဖွယ်တရား တွေပါတကား-ဟုသိသော အသိဉာဏ်ကိုမှ) ဘယဉာဏ်လို့ခေါ် တယ်။ ဒေါသနဲ့ကြောက်ခြင်းကား ကြက်သီးထ, ချွေးဒီးဒီး

ကျတဲ့အကြောက်မျိုး၊ ဘယဉာဏ်နဲ့ ကြောက်ခြင်းကား အလွန်ကြည်လင်လှပါတယ်၊ "ဩ....စောစောကတော့ ဒီ ရုပ်နာမ်တရားတွေကို သာယာဖွယ် ခုံမင်ဖွယ် နှစ်သက်ဖွယ်တွေ့ဟု ထင်ခဲ့တယ်၊ လက်စသတ်တော့ ဒီရုပ်နာမ်တရားတွေဟာ ကြောက်စရာတွေပါတကား"ဟု ဘယဉာဏ်ကသိတယ်။ (၄)

တဖန်ဆက်ပြီး အနိစ္စ+ဒုက္ခ+အနတ္တ-လို့ သမ္မသနဉာဏ်ဖြင့် တည်လိုက်ပါဦး၊ ဘယဉာဏ်တလှည့်, သမ္မသနဉာဏ်တလှည့် ဤသို့ အလဲအလှယ်ရှုပြီး ဘယဉာဏ် ရင့်သန်လာသောအခါ အာဒီနဝဉာဏ် ပေါ်လာလိမ့်မယ်၊ ရုပ်နာမ်တို့၏ အပြစ်ကိုမြင်လာလိမ့်မယ်၊ စောစောကတော့ ဒီရုပ်နာမ်နှစ်ပါးကို အကျိုးဘဲထင်တယ်၊ ကောင်းကျိုးတွေဘဲလို့ ထင်တယ်။ အင်း....စောစောကတော့ ဒီရုပ်နာမ်နှစ်ပါးကို အားကိုးတယ်၊ "ဘယ်သူ့ကိုမှ ငါ-အားမကိုးဘူး၊ ငါ့ကိုယ်ကို ငါ-အားကိုးတယ်" ဆိုတာတွေဟာ မိမိရဲ့ ရုပ်,မိမိရဲ့ နာမ်ကို အားကိုးခြင်းပဲ။

အဲဒီ-အားကိုးတဲ့စိတ်တွေဟာ ဒီ ရုပ်နာမ်ဓမ္မတွေရဲ့ အနိစ္စ+ဒုက္ခ+အနတ္တ သဘောတွေကို ရှုဖန်များလို့ ဝိပဿနာ သမ္မသနဉာဏ်တို့ ဘယဉာဏ်တို့ ရင့်သည်ထက် ရင့်သန်လာတော့ အဲဒီအားကိုးတဲ့နေရာမှာ "ငါက စောစောက မသိလို့ သာ အားကိုးမိဒါ၊ အားကိုးမယ်ကြံတုန်းရှိသေး သူတို့က တဖြုတ်ဖြုတ်နဲ့ ချုပ်ပျောက်ကုန်ပြီ၊ ဟာ....တကယ်ဆိုတော့ အားကိုးရာမရှိတဲ့ တရားတွေပါဘကား"အဲဒီလို သိတဲ့ဉာဏ်ကို အာဒီနဝဉာဏ်ခေါ်တယ်။ (၅)

အဲဒီ—အာဒီနဝဉာဏ်ကျတော့လဲ သမ္မသနဉာဏ်ကို လက်မလွှတ်ပဲ အနိစ္စ+ဒုက္ခ+အနတ္တ-လို့ ရှုရပါမယ်၊ အဲဒီလို အာဒီနဝ

ဉာဏ်နဲ့ ရုပ်နာမ်တွေမှာ အားကိုးစရာမရှိဒါကို သိလိုက်, သမ္မသနဉာဏ်နဲ့ လက္ခဏာရေးသုံးပါးကို သုံးသပ်လိုက်, ဤသို့ပွားဖန်များလာတော့ နိဗ္ဗိဒါဉာဏ်ပေါ်လာမယ်၊ ပြောနေတာကကြာတယ်နော်၊ အဟုတ်အလုပ်လုပ်လို့ရှိလျှင် မကြာခင် တက်-တက်ပြီးတော့ အထက် အထက် အသိဉာဏ်တွေကိုတွေ့သွားတယ်။ ဟာ....ရုပ်နာမ်တွေမှာ ခိုကိုးရာမထင်ဘူး၊ ခိုကိုးရာမရဘူး-လို့ သိပြီးတဲ့နောက် အနိစ္စ+ဒုက္ခ+အနတ္တ-ဟု ထပ်တလဲလဲ ရှုဖန်များလျှင် နိဗ္ဗိဒါ-ခေါ်တဲ့ ငြီးငွေ့တဲ့ဉာဏ် ပေါ်လာမယ်၊ နှာခေါင်းရှုံ့ဒါကို နိဗ္ဗိဒါ-လို့ ခေါ်တာမဟုတ်ဘူးနော်။

စောစောကတော့ (ဝိပဿနာဉာဏ်အမြင် မရှိသေးတဲ့အတွက်) ဒီ ရုပ်နာမ်တွေကိုပင် လှ-တယ်, ပ-တယ်, တင့်တယ်-တယ်, ဖွယ်ရာ-တယ်, မင်္ဂလာရှိ-တယ်, မြဲတယ်, ချမ်းသာတယ်, စိုးပိုင်တယ်-လို့ အဲဒီလို ကိုယ့်ခန္ဓာကိုယ်ကို ဟိုလိုယူကြည့်ရ ဒီလိုယူကြည့်ရ ဖြစ်ခဲ့တယ်“အမှန်ရတော့မဟုတ်ဖူးပေါ့၊ဒိဋ္ဌိနဲ့ယူနေလို့ ဒိဋ္ဌိရ-ရဒါ”အနိစ္စ+ဒုက္ခ+အနတ္တ-ဟု ရှုဖန်များလာတော့ မြဲတယ်လို့လဲ ယူကြည့်-ယူ၍မရ၊ ချမ်းသာတယ်, ခိုင်မာတယ်, တင့်တယ်တယ်-ဘယ်လိုမှယူလို့မရတော့ဘူး၊ အဲဒီလို ယူမရအောင် သိတဲ့ အသိဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ခေါ်တယ်။ (၆)

အဲဒီလို နိဗ္ဗိဒါဉာဏ်နှင့် သမ္မသနဉာဏ်တို့ ဒွန်တွဲပြီးတော့ အနိစ္စ+ဒုက္ခ+အနတ္တ-ဟု နှလုံးသွင်းဖန်များလာတော့ “ဟာ....ဘာမှ အားကိုးစရာမရှိ၊ တကယ်ဆိုတော့ ကြောက်စရာတွေပါလား၊ ဒီ ခန္ဓာ ရုပ်နာမ်နှစ်ပါးက လွတ်မှတော်မယ်, လွတ်မှအေးမယ်”လို့ လွတ်ချင်လာလိမ့်မယ် ၊ အဲဒီလို လွတ်လိုတဲ့အခါမှာ ဖြစ်တဲ့ဉာဏ်ဟာ မုစ္စိတုကမျတာဉာဏ် ဖြစ်တယ်၊

ခန္ဓာရဲ့အပြစ်ကို မြင်မှ ခန္ဓာကလွတ်ချင်တယ်၊ ခန္ဓာရဲ့အပြစ်ကို မမြင်လျှင် ခန္ဓာက မလွတ်ချင်ဘူး၊ အဲဒီလွတ်လိုတဲ့ အခါမှာ ဖြစ်လာတဲ့ (လွတ်လိုတဲ့ အလိုဆန္ဒနဲ့ တွဲပြီးဖြစ်တဲ့) အသိဉာဏ် ဟာ မုစ္စိတုကမျတာဉာဏ်ပါဘဲ။ (၇)

အဲဒီဉာဏ်ရောက်လာတော့ "လွတ်လိုရုံနဲ့တော့ လွတ်မှာမဟုတ်ဘူး၊ ဥပမာပုံ-ကျားကြီးကိုတွေ့လျှင် ကြောက်စရာကြီး အားကိုးစရာမဟုတ်တဲ့ အကောင်ကြီး၊ သူနဲ့မြန်မြန်လွတ်မှဝေးမှာ တော်မယ်၊ အဲဒီလိုသိလာတဲ့အခါ ဒီလိုဝေးချင်ရုံနဲ့တော့ မဝေးဘူး၊ ဝေးအောင်ကြိုးစားပြီးပြေးမှ ဝေးမှာပဲ၊ အဲဒီလိုသိလာပြီးတော့ ဖနောင့်နဲ့တင်ပါး တသားထဲကျအောင် ဒုန်းပြေး၊ မရပ်မနားပြေး၊ ဒီလိုပြေးလျှင် ပြေးသလောက် အဲဒီသစ်ကျား ဘေးရန်ကဝေးတယ်။အဲဒါလိုပဲ ငါလဲ အဲဒီရုပ်နာမ်ကနေပြီးတော့ ရုပ်နာမ်ကလွတ်မြောက်အောင် ဘယ်လို လုပ်ဆောင်ရပါ မတုံးလို့ ဆရာဥပဇ္ဈာယ်တို့ကို မေးလာလိမ့်မယ်၊ အဲဒီ ကျတော့ ဆရာဥပဇ္ဈာယ်များက "လွတ်လိုလျှ၊ လွတ်ရတဲ့ငါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်"ဆိုတဲ့ ပဋိသင်္ခါဉာဏ်ကို တက်ပေးလိမ့်မယ်။

ဟာ-လွတ်ချင်သလား၊လွတ်ချင်လျှင် စောစောကတော့ အနိစ္စ+ဒုက္ခ+အနတ္တ—ဒီသုံးခုတွင်သာ နှလုံးသွင်းရတယ်၊ ယခု သုံးခုတွင်၌သာ နှလုံးမသွင်းနဲ့တော့။ အနိစ္စကို ပရိယာယ်နှင့် တကွ ဆယ်ချက်နှလုံးသွင်း၊ ရုပံ အနိစ္စံ+ပလောကံ+စလံ+ပဘင်္ဂုံ+အဒ္ဓုဝံ+ဝိပရိဏာမံ+အသာရကံ + ဝိဘဝံ + မစ္စု + သင်္ခတံ-လို့ ဆယ်ချက်နဲ့ နှလုံးသွင်းရတယ်။ (ဒုက္ခလက္ခဏာ ၂၅၊ အနတ္တလက္ခဏာ ၅-ပါးတို့ကို နောက်ပိုင်းတွင် ကြည့်ပါလေ) အနိစ္စလက္ခဏာ

၁၀-ချက်၊ ဒုက္ခလက္ခဏာ ၂၅-ချက်၊ အနတ္တလက္ခဏာ ၅-ချက်ကျတော့ ၁/ရုပ်သည် အနတ္တပါတကား- ၂/ရုပ်သည်တစိမ်းပြင်ပပါတကား- ၃/ရုပ်သည် အချည်းအနှီးပါတကား- ၄/ရုပ်သည် နိစ္စ+သုခ+သုဘ+အတ္တနဲ့ မမှီး အသီးပါတကား-၅/ရုပ်သည် နိစ္စသဘော သုခသဘော အတ္တသဘော သုဘသဘောတို့မှ ဆိတ်သုဉ်းနေပါတကား-အဲဒီလို ငါးချက်နဲ့ ကြည့်ဒါကို အနတ္တဘာဝနာ ၅-ချက်လို့ ခေါ်တယ်။

အဲဒီလို အနိစ္စလက္ခဏာထဲမှာ သင်္ဂြိုဟ်ယူရတဲ့ ၁၀-ချက် ဒုက္ခလက္ခဏာထဲမှာ သင်္ဂြိုဟ်ယူရတဲ့ ၂၅-ချက်+အနတ္တလက္ခဏာထဲမှာ သင်္ဂြိုဟ်ယူရတဲ့ ၅-ချက် အားလုံး အချက်၄၀-နဲ့ ခန္ဓာငါးပါးအနက် တပါးတပါးမှာ ဘာဝနာ ၄၀-နဲ့ အကျယ်ဖြန့်ချိပြီးတော့ နှလုံးသွင်း၊ အဲဒါဟာ ဘာဝနာလေးဆယ်နဲ့ ရုပ်နာမ်မှ လွတ်အောင် ဒုန်းပြေးခြင်းပါပဲ၊ အဲဒီလို ဘာဝနာလေးဆယ် အကျယ်ပွားခြင်းကို "လွတ်လိုလှ၍၊ လွတ်ရတဲ့ငါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်" သံပေါက်အရ ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်။ (၈)

အဲဒီလို ဘာဝနာလေးဆယ်နဲ့ နှလုံးသွင်းလို့ ၁-ရက်+ ၂-ရက်+ ၃-ရက်+ ၄-ရက်+ ၅-ရက် စသည် အတိုအင်အားကောင်းလာပြီဆိုတော့ ကြပ်ကြပ်ပြေးလေ ခြသေ့သစ်ကျား ဘေးရန်ကဝေးလေ ဖြစ်သကဲ့သို့ ကြပ်ကြပ် နှလုံးသွင်းလေ ရုပ်နာမ်မှ ကြောက်အားပြေလေ ဖြစ်လာလိမ့်မယ်၊ စောစောကလောက် ဒီရုပ်နာမ်တွေအပေါ်မှာ စက်ဆုပ်ရွံရှာ ပျင်းမုန်းမှုလဲ မဖြစ်၊ စောစောပိုင်းကလို တပ်မက်မှုလဲ မဖြစ်တော့ပဲ အလယ်

အလတ် ဥပေက္ခာရှုတဲ့ သဘောဖြစ်လာလိမ့်မယ်၊ စောစောပိုင်းကလို တပ်လဲမတပ်မက်ဘူး, မုန်းလဲမမုန်းတော့ဘူး။

ဥပမာ ဆိုကြပါစို့—ပစ္စည်းဝတ္ထုလေး တခုကို ကိုယ်က အင်မတန် နှစ်သက်နေလျှင် လောဘဖြစ်နေတယ်၊ အဲဒီပစ္စည်းဝတ္ထုလေး သူတဖက်သားရဲ့ လက်ထဲပါသွားလျှင် အင်မတန် နှမြောတယ်၊ ထိုသို့ နှမြောနေခြင်းဟာ ဒေါသဖြစ်နေခြင်းဘဲ၊ တပ်နှစ်သက်တဲ့ လောဘရှိလို့ နှမြောတဲ့ ဒေါသဖြစ်ရတာ။ အဲဒီပစ္စည်းဝတ္ထုလေးကို ကိုယ်က လောဘသာဖြတ်ထားလျှင် ဘယ်သူပဲယူသွားသွား နှမြောတဲ့ဒေါသစိတ် မဖြစ်တော့ဘူး။ အဲဒီဥပမာအတိုင်းပဲ ရုပ်နာမ်ခန္ဓာငါးပါးတို့ကို ဘာဝနာ လေးဆယ်နဲ့ ထပ်တလဲလဲ ပွားများ ရှုဆင်ခြင်လျှင် တပ်မက်မှု=လောဘ+နှမြောမှု=ဒေါသ လုံးဝမဖြစ်တော့ပဲ လျစ်လျူရှုတဲ့ ဥပေက္ခာ (တတြမဇ္ဈတ္တုပေက္ခာ) ခေါင်းဆောင်တဲ့ အသိဉာဏ်ပေါ်လာလိမ့်မယ်၊ အဲဒီဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ ခေါ်တယ်။(၉)

သင်္ခါရုပေက္ခာဉာဏ် အထွတ်အထိပ်သို့ရောက်လျှင် ဟိုဘက်မှာ မဂ်ပေါက်ဖို့ မဂ်ပေါ်ဖို့ တခါထဲ နီးကပ်သွားပြီ၊ အထွတ်အထိပ်ရောက်တဲ့ သင်္ခါရုပေက္ခာဉာဏ်နဲ့ (ထိုဉာဏ်၏နောက်မှာဖြစ်တဲ့) အနုလောမဉာဏ်=ဒီဉာဏ် ၂-ပါးကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်လို့ ခေါ်တယ်။ (မဂ်ကို သင်္ခါရတို့မှ ထမြောက်လွတ်မြောက်လို့ ဝုဋ္ဌာန်-ဟု ပါဠိလိုခေါ်တယ်၊ အဲဒီ ဝုဋ္ဌာနခေါ်သော မဂ်သို့ ရောက်စေတတ်လို့ ထိုဉာဏ် ၂-ပါးကို ဝုဋ္ဌာန ဂါမိနီဝိပဿနာဉာဏ်လို့ ခေါ်တယ်)။

အဲဒီ အထွတ်အထိပ် ရောက်တဲ့ သင်္ခါရုပေက္ခာဉာဏ်လဲ ဆုံးရော၊ ဟိုဘက်မှာ မဂ္ဂဝီထိကျလာလိမ့်မယ်၊ မဂ္ဂဝီထိဆိုသည်

မှာ အရိယမဂ်စိတ်ပါတဲ့ စိတ်သန္တာန်အစဉ်ကို ခေါ်ဆိုတယ်။ထို မဂ္ဂဝီထိဖြစ်ပုံမှာ–ရှေးဦးစွာ ဘဝင် ၂-ကြိမ်လှုပ်တယ်၊ (ဘဝင် ၂-ကြိမ်လှုပ်တယ်လို့ ဆိုခြင်းမှာ ဝီထိစိတ်အစဉ် ဖြစ်ကာနီး နောက်ဆုံးဖြစ်တဲ့ ဘဝင်စိတ် ၂-ကြိမ်ကို ခေါ်ဆိုတယ်၊ ဝီထိစိတ် ဖြစ်ကာနီးလို့ လှုပ်ရှားသကဲ့သို့ ဖြစ်လာသော ဘဝင်၂-ကြိမ် လို့ဆိုလိုတယ်)။ ဘဝင် ၂-ကြိမ်လှုပ်ပြီးနောက် မနောဒွါရာ ဝဇ္ဇန်းစိတ်တကြိမ် + ၎င်းနောက် ပရိကံ+ ဥပစာ+ အနုလုံ+ ဂေါတြဘူ-လို့ ကာမာဝစရဝိပဿနာ ဥပစာရသမာဓိဇောလို့ ခေါ်တဲ့ဇောစိတ် ၄-ချက် ဖြစ်လာတယ်၊ အဲဒီဇော ၄-ကြိမ် အနက်က ပရိကံ+ဥပစာ+အနုလုံ-လို့ခေါ်တဲ့ ဇော ၃-ချက်ကို ဝိပဿနာဉာဏ်ဆယ်ပါးမှာ နောက်ဆုံး ဆယ်ခုမြောက် ဖြစ်တဲ့ အနုလောမဉာဏ်လို့ခေါ်တယ်။ (၁၀)

အဲဒီ အနုလုံဇောလဲ ချုပ်ပြီးရော သူ့နောက်က ဆက်၍ ဂေါတြဘူဆိုတဲ့စိတ် (ကာမာဝစရစိတ်) ဖြစ်လာတယ်၊ အဲဒီ ဂေါတြဘူစိတ်ကို ရှေးဝိပဿနာထဲထဲ့လို့မရဘူး၊ အကြောင်း ကတော့–ဂေါတြဘူဉာဏ်က နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်တယ်၊ ရှေးဝိပဿနာဉာဏ် တို့က လက္ခဏာရေးကို အာရုံပြုပြီး ဖြစ်ကြ တယ်၊ အဲဒီလို အာရုံကွဲလို့ ဂေါတြဘူကို "ဂေါတြဘူဉာဏ်" ဟုပင် သီးသန့်မှတ်ယူရတယ်။

အဲဒီ ဂေါတြဘူဉာဏ်လဲ တကြိမ်ဖြစ်၍ ချုပ်ပြီးရော အခြားမဲ့မှာပင် သောတာပတ္တိမဂ်စိတ် တကြိမ် + ၎င်းနောက် မန္ဒပညာပုဂ္ဂိုလ်မှာ သောတာပတ္တိဖိုလ်စိတ် ၂-ကြိမ် +(တိက္ခပညာ ပုဂ္ဂိုလ်မှာ သောတာပတ္တိဖိုလ်စိတ် ၃-ကြိမ်) ဖြစ်ပြီးတော့ မူလ ပဋိသန္ဓေစိတ်အတိုင်း ဘဝင်စိတ်တွေကျတယ်။

အဲဒီသောတာပတ္တိမဂ် + ဖိုလ်သို့ ရောက်လျှင် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုတယ်၊ ဥပမာဆိုကြပါစို့ – ယခု မျက်စိမှိတ်ပြီးတော့ မဟာမြတ်မုနိ ကိုယ်တော်မြတ်ကြီးကို မှန်းပြီး အာရုံပြုကြည့်လျှင် မိမိကိုယ်တိုင် ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ရှေ့တော်မှောက်သို့ ရောက်ပြီး နေဘိသကဲ့သို့ မနောဒွါရထဲမှာ (မျက်စိနှင့်မြင်ရသည့်ပမာ) ထင်မြင်လာတယ်။ အဲဒီ သောတာ ပတ္တိမဂ်စိတ်+ဖိုလ်စိတ်တို့သို့ ရောက်သွားပြီဆိုလျှင် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားကြီးကို (မဟာမြတ်မုနိဘုရားကြီးကို မနောဒွါရဖြင့် ဖူးမြင်ရသည်ထက်ပို၍) လင်း ချင်းပြီးတော့ ထင်လာမြင်လာ တယ်၊ ပကတိ မံသစက္ခု မျက်စိနဲ့တော့ မြင်ဒါမဟုတ်ဘူး၊ ဉာဏ်ပညာမျက်စိနဲ့ မြင်ဒါဖြစ်ပါတယ်။

အဲဒီအမြင်မျိုးကို ပါဠိလို=ပစ္စက္ခ + မြန်မာလိုတော့= မျက်မှောက်ပြုတယ်—လို့ ခေါ်ဆိုတယ်၊ ဉာဏ်ပညာမျက်စိရဲ့ အောက် နိဗ္ဗာန်အာရုံကြီး လင်းလင်းရောက်လာဒါကို “နိဗ္ဗာန် ကို မျက်မှောက်ပြုတယ်”လို့ ခေါ်ဆိုတယ်၊ (မျက်စိဆိုဒါက ပကတိ သူသူငါငါမှာရှိတဲ့ မံသစက္ခုမျက်စိကို ဆိုသည်မဟုတ် ဘူး)၊ မျက်စိမှအောက်ကို တဖန် သန္ဓိစပ်လိုက်တော့ “မျက်စိ မှောက်”လို့ ဝေါဟာရဖြစ်လာတယ်၊ အဲ့ယနေ့ကျတော့(စိ) ပျောက်ပြီး“မျက်မှောက်”လို့ ခေါ်ဆိုကြတယ်။မဂ်ဉာဏ်ပညာ မျက်စိအောက် နိဗ္ဗာန်တည်းဟူသော အာရုံကြီး ရောက်လာ တယ်။

အဲရောက်လာသမှ ဟို....ဘုန်းကြီးတို့ တရားနာပရိသတ် တွေ မဟာမြတ်မုနိဘုရားကြီးကို အခုစဉ်းစားလိုက်လျှင် မျက်စိ နဲ့မြင်ရသလိုကို မနောဒွါရ ဉာဏ်မျက်စိနဲ့ ဖူးမြော်ရတယ်၊

အဲဒီထက်ပိုပြီးတော့ သောတာပန်အရိယာတို့ရဲ့ သောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်ဆိုတဲ့ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တော့ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရားအမြတ်ဆုံးကြီးဟာ လင်း ချင်း၍ ထင်လာပါတယ်။

သာသနာရဲ့ အနှစ်ကို စစ်ထုတ်ကြစို့....အဲဒီယခုပြောခဲ့တဲ့ သောတာပတ္တိမဂ် + ဖိုလ်နဲ့ နိဗ္ဗာန်၊ နောက်တဖန် အားထုတ်တော့ သကဒါဂါမိမဂ်+ဖိုလ်နဲ့ နိဗ္ဗာန်၊ နောက်တဖန် အားထုတ်ပြန်တော့ အနာဂါမိမဂ် + ဖိုလ်နဲ့ နိဗ္ဗာန် နောက်တဆင့်အားထုတ်တော့ အရဟတ္တမဂ်+ဖိုလ်နဲ့ နိဗ္ဗာန်-အဲဒီလို ရလာမယ်။

ထိုသို့ရလာတဲ့ မဂ်လေးပါး+ဖိုလ်လေးပါး+နိဗ္ဗာန်-ဆိုတဲ့ ဒီလောကုတ္တရာတရား ကိုးပါးဟာ သာသနာတော်ရဲ့ အနှစ်ပဲ။ ယနေ့တွေ့နေရတဲ့ ဘုရားသာသနာတော်ရဲ့ အနှစ်သာရဆိုသည်မှာ အဲဒီလောကုတ္တရာတရား ၉-ပါးတို့ကိုပဲ ခေါ်တယ်။

မဇ္ဈိမနိကာယ် မဟာသာရောပမသုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာက ပကတိသစ်ပင်ကြီးမှာ (၁) အပေါ်က အကိုင်းအခက်ရှိတယ်၊ အကိုင်းအခက် ကောင်းလျှင် အရိပ်ကောင်း၍ လူအများ ခိုကိုးရာဖြစ်တယ်။ (၂) ပင်စည်မှာ အပေါ်ယံက အပွေးရှိတယ်။ (၃)အဲဒီအပွေးရဲ့ အတွင်းက အခုံအခေါက် ရှိတယ်။ (၄)အဲဒီရဲ့ အတွင်းက အကာရှိတယ်။ (၅) အဲဒီအကာရဲ့ အတွင်းက အနှစ်ရှိတယ်။

အဲဒါလိုဘဲ ကိုယ်တော်မြတ်ရဲ့ သာသနာတော် တည်းဟူသော သစ်ပင်ကြီးမှာ (၁)ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ဆိုတဲ့ ပစ္စည်းလေးပါးဟာ အကိုင်းအခက်နဲ့ တူတယ်၊ ပကတိသစ်ပင်ကြီးမှာ အကိုင်းအခက်မရှိလျှင် မိုးရွာရွာ နေပူပူ၊မည်သူ

မှ လာပြီးတော့ အရိပ်မခိုကိုးနိုင်ဘူး၊ သစ်ပင်မှာလဲပဲ အကိုင်း အခက်ရှိမှ ဒီသစ်ပင်အောက် နေပူမိုးရွာ ခိုကိုးတဲ့ လူတွေ ခိုကိုး ရတယ်။ အဲဒါလိုပဲ ဘုရားသာသနာမှာလဲ အရိပ်ခိုကိုးဘို့ရန် သက်န်း၊ဆွမ်း၊ကျောင်း၊ဆေး= ပစ္စည်းလေးပါးဆိုတဲ့ အကိုင်း အခက်တွေရှိတယ်၊ ပစ္စည်းလေးပါး အကိုင်းအခက် အရိပ် ကောင်းလို့မို့ အမျိုးလေးပါး သူတော်ကောင်းတွေဟာ သာ သနာအရိပ်ကြီးကို လာပြီးတော့ ခိုကြရတယ်။

(၂) အဲ-ဘုရားသာသနာ တည်းဟူသော သစ်ပင်ကြီးမှာ ယနေ့သူတော်စင်တွေ ဖြည့်ကျင့်နေတဲ့သီလဟာ သာသနာသစ်ပင် ကြီးရဲ့ အပေါကြ အပွေးပိုင်းဖြစ်တယ်။ (၃)အဲဒီ သီလက တဆင့် *"အရဟံဂုဏ်တော်"နဲ့ပဲ သမာဓိအလုပ်ကို လုပ်လုပ်၊ "မေတ္တာ ဘာဝနာ"နဲ့ပဲ သမာဓိအလုပ်ကို လုပ်လုပ်၊ အဲဒီလိုလုပ်ကိုင်လျှင် သမာဓိတည်းဟူသော အခွံအခေါက်သို့ ရောက်သွားမယ်။ (၄) အဲဒီလို တဆင့်ကြိုးစားအားထုတ်လို့မျှား လောကီစျာန်နဲ့ အဘိ ညာဏ်တွေရလျှင်တော့ သာသနာ သစ်ပင်ကြီးမှာ အကာသို့ ရောက်သွားပြီး မြတ်စွာဘုရားက အဲဒီ-မဟာသာရောပမသုတ်မှာ ကိုယ်တော်ရဲ့ သာသနာကို သစ်ပင်ကြီးနဲ့ ဥပမာပြုပြီး ဟောတဲ့ နေရာမှာ လောကီစျာန်၊ အဘိညာဏ် ပညာကို သာသနာ သစ်ပင်ရဲ့အကာ–လို့ ဟောတော်မူခဲ့ဘယ်။(၅)အဲ-လောကုတ္တရာ မဂ်+ဖိုလ်+နိဗ္ဗာန်-ကျတော့မှ သာသနာတော်ရဲ့ အနှစ်တဲ့။

ကိုင်း....ဝိပဿနာနှလုံး ကျင့်သုံးတော့ ခုဏကပြောသလို ဝိပဿနာဉာဏ် ဆယ်တန်လဲဆုံးရော၊ ဗျူန်းကနဲဆို ဟိုဘက်မှာ

---

* အရဟံဂုဏ်တော်နှင့် မေတ္တာပွားနည်း နိဂုံးအပြီး (၀၁/၆၁) တွင်ရှု။

သွားပြီးတော့ သာသနာ့ရဲ့ အနှစ်ဖြစ်တဲ့ သောတာပတ္တိမဂ်+ဖိုလ်+နိဗ္ဗာန်၊ နောက်တဆင့် သကဒါဂါမိမဂ်+ဖိုလ်+နိဗ္ဗာန်၊ နောက်တဆင့် အနာဂါမိမဂ်+ ဖိုလ်+နိဗ္ဗာန်၊ နောက်တဆင့် အရဟတ္တမဂ်+ဖိုလ်+နိဗ္ဗာန်ဆိုတဲ့ ဒီသာသနာတော်ရဲ့ အနှစ်ကိုရလာတယ်။

ကိုင်း.... နောက်ပြီးတော့ အနှစ်နဲ့အကာ တွဲကြည့်ကြရအောင်—

(၁) စီးပွားဥစ္စာ၏ အနှစ်သာရကား ဒါနကောင်းမှု၊ (အဲ-မိမိတို့မှာ ဒီအနှစ်ကိုလဲ ရပြီ)။ (၂) ကိုယ်ခန္ဓာ၏ အနှစ်သာရကား သီလကောင်းမှု၊ (ဒါလဲပဲ ဒို့သူတော်ကောင်းတွေ နေ့စဉ်လဲ ကျင့်သုံးတယ်၊ ဥပုသ်နေ့မှာလဲထူး၍ ကျင့်သုံးတယ်၊ ရပြီ-ဆိုကြစို့)။ (၃) ယခုဘဝ ရနေသော အသက်၏ အနှစ်သာရကား သမထ+ဝိပဿနာ-ဘာဝနာ ကောင်းမှု၊ (အဲဒါကိုလဲပဲ ကျင့်သုံးဆဲရှိကြတယ်၊ အထူးနှလုံးသွင်းဖို့ရန်လဲပဲ လက်ထဲမှာ စာရွက်တွေ ထည့်လိုက်ပြီ)။ (၄) အဲဒီအနှစ်သုံးပါး ကိုယ်ကကြိုးစားမှ ခုဏာကပြောတဲ့ ဘာဝနာတည်းဟူသော အနှစ်လဲ ဆုံးရော၊ ဟိုဘက်မှာ သာသနာတော်ရဲ့ အနှစ်ဖြစ်တဲ့ လောကုတ္တရာမဂ်+ဖိုလ်+နိဗ္ဗာန်သို့လဲရောက်ရော။

ကဲ သာသနာတော်၏အနှစ်ရောက်အောင် ဆုတောင်းပြီးတော့ တရားပွဲကို နိဂုံးသိမ်းကြစို့ –

"ဓမ္မပဒ သာရိပုတ္တ မောဂ္ဂလ္လာန ဝတ္ထုလာ
အနှစ် ၄-ပါးပြ ဂါထာပါဌ်+နိသျ"

အသာရေ သာရမတိနော၊
သာရေ စာ+သာရဒဿိနော။

တေ သာရံ နာ+ဓိဂစ္ဆန္တိ၊
မိစ္ဆာသင်္ကပ္ပ ဂေါစရာ။ ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့....။ ဒယေ=အမှတ်မထင် အကြင်သူတို့သည်။ အသာရေ=အနှစ်အစိုင် အခိုင်အမာမဟုတ်တဲ့ စီးပွားဉစ္စာ ကိုယ်ခန္ဓာ,အသက်နှင့် တကွ (ဘုန်းကြီးတို့ကိုလဲပဲ လွှတ်မထားခဲ့ကြနဲ့.) ရဟန်းတို့အတွက်တာ လေးဖြာပစ္စယ လာဘ်လာဘ၌။ (သာသနာမှာ ပစ္စည်းလေးပါး ဆိုဒါ အနှစ်မဟုတ်ဖူးတဲ့၊ အကိုင်းအခက်ပဲရှိသေးတယ်၊ အပေါ်ယံ အကာတောင် မဆိုလောက်သေးဘူး)။ သာရမတိနော= အနှစ်အစိုင် အခိုင်အမာအား အထင်မှား၍ နေကြကုန်၏။ သာရေ စ=အနှစ်လေးပါး သာရ တရား၌ကား။ အသာရဒဿိနော=အနှစ်အစိုင် အခိုင်အမာ မဟုတ်သောအား အမြင်မှား၍ နေကြကုန်၏။ တေ=ထိုအကာကို အနှစ်ထင် အနှစ်ကိုအကာဟု မြင်ကြသည့် အထင်မှား, အမြင်မှား ထိုရှင်လူ အများတို့သည်။ မိစ္ဆာသင်္ကပ္ပ ဂေါစရာ=ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက် တည်းဟူသော မိစ္ဆာဝိတက်သုံးပါး မကောင်းတဲ့ အကြံများလျှင် ကျက်စားရာအာရုံ ဂေါစရဂံ ရှိကြကုန်သည်ဖြစ်၍။ သာရံ=အနှစ်လေးပါး သာရ-တရားကို။ နာဓိဂစ္ဆန္တိ=လှုလှုပိုင်ပိုင် မရနိုင်ကြကုန်။ ။

သာရဉ္စ သာရတော ဉတွာ၊
အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊
သမ္မာသင်္ကပ္ပ ဂေါစရာ။ ။

သာဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့....၊ ယေ=အမှတ်မထင် အကြင်သူတို့သည်။ ဝါ-အမှတ်မထင် အကြင် ပညာရှိတဲ့ ရှင်လူတို့သည်။ သာရံ=အနှစ်လေးပါး သာရတရား ကို။ သာရတော=အနှစ်အစိုင် အခိုင်အမာ အမြတ်တွေပါ တကားဟူ၍။ ဉာတွာ-ဇာနန္တိ=ပိုင်းခြားထင်ထင် သိမြင်ကြကုန် ၏။ အသာရဉ္စ=အနှစ်အစိုင် အခိုင်အမာမဟုတ်တဲ့ စီးပွားဥစ္စာ ကိုယ်ခန္ဓာ,အသက်နှင့်တကွ ရဟန်းတို့အတွက်တာ လေးဖြာ ပစ္စ ယ လဘ်လာဘကိုကား။ အသာရတော=အနှစ်အစိုင် အခိုင် အမာ မဟုတ်ပါတကားဟူ၍။ ဉာတွာ-ဇာနန္တိ=ပိုင်းခြား ထင် ထင် သိမြင်ကြကုန်၏။ ဉာတွာ=ပိုင်းခြားထင်ထင် သိမြင်ကြကုန် သည်ရှိသော်။တေ=ထိုအနှစ်ကို အနှစ်မှန်း အကာကို အကာမှန်း ခွဲခြမ်းသိမြင် ပညာရှိလူရှင်တို့သည်။ သမ္မာသင်္ကပ္ပ ဂေါစရာ= နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်တည်းဟူ သော သမ္မာဝိတက်သုံးပါး ကောင်းမြတ်တဲ့ ဖူးကြံများလျှင် ကျက်စားရာအာရုံ ဂေါစရဂံ ရှိကြကုန်သည်ဖြစ်၍။ သာရံ= အနှစ်လေးငါး သာရတရားကို။ အဓိဂစ္ဆန္တိ=လှလှပိုင်ပိုင် ရယူ နိုင်ကြကုန်၏။ ။

ဒါက ဒေသနာမှာ ရှိရင်းအတိုင်း၊ အဲဒီဂါထာကို မှီပြီးတော့ ဆုတောင်းကြစို့။

တသ္မာ—

သာရဉ္စ သာရတော ဉတွာ၊

အသာရဉ္စ အသာရတော။

သာရံ ဝေါ အဓိဂစ္ဆေါ၊

သမ္မာသင်္ကပ္ပ ဂေါစရာ။ ။

သာခဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့....။ တသ္မာ=ထို့ကြောင့်။ ဝါ-သို့ရကား။ ဝေါ-တုမှေ=နှလုံးပျော့ပျောင်း သင်သူတော်ကောင်းတို့သည်။ သာရဠ=ဒါန+သီလ+ဘာဝနာ လောကုတ္တရာတရား ကိုးပါးဆိုတဲ့ အနှစ်လေးပါး သာရတရားကိုလည်း။ သာရတော=အနှစ်အစိုင် အခိုင်အမာတွေ ပါတကားဟု။ ဉာတွာ—ဇာနာထ=ပိုင်းခြား ထင်ထင် အမှန်အတိုင်း သိမြင်နိုင်ကြ ပါစေကုန်သတည်း။ အသာရဠ=အနှစ်အစိုင် အခိုင်အမာမဟုတ်တဲ့ စီးပွားဥစ္စာ ကိုယ်ခန္ဓာ့အသက်နှင့်တကွ ရဟန်းတို့အတွက်တာ လေးဖြာပစ္စယ လာဘ်လာဘကိုလဲ ပဲ။ အသာရတော=အနှစ်အစိုင် အခိုင်အမာ မဟုတ်ပါတကားဟူ၍။ ဉာတွာ-ဇာနာထ=ပိုင်းခြားထင်ထင် အမှန်အတိုင်း သိမြင်နိုင်ကြပါစေကုန်သတည်း။ ဉာတွာ=ပိုင်းခြားထင်ထင် အမှန်အတိုင်း သိမြင်ကြ၍။ သမ္မာသင်္ကပ္ပ ဂေါစရာ=ဝဋ္ဋဒုက္ခမှ ထွက်မြောက်ရန် ကြံစည်ခြင်းဆိုတဲ့ နေက္ခမ္မဝိတက်, မေတ္တာနှင့်ယှဉ်တဲ့ အကြံအစည်တည်းဟူသော အဗျာပါဒဝိတက်,ကရုဏာနှင့်ယှဉ်တဲ့ အကြံအစည် တည်းဟူသော အဝိဟိံသာဝိတက်=ဤသမ္မာဝိတက်သုံးပါး ကောင်းမြတ်တဲ့ အကြံအစည်များလျှင် ကျက်စားရာအာရုံ ဂေါစရံ ရှိကြကုန်သည်ဖြစ်၍။ သာရံ=အနှစ်လေးပါး သာရတရားကို။ အဓိဂစ္ဆဝ္ဟော=လှလှပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။ ။

(ဝါ) သာရံ အဓိဂစ္ဆဝ္ဟော=စီးပွားဥစ္စာ၏ အနှစ်သာရဖြစ်သော ဒါနကောင်းမှု, ကိုယ်ခန္ဓာ၏ အနှစ်သာရဖြစ်သော သီလကောင်းမှု, ယခုဘာဝ ရနေတဲ့

အသက်၏ အနှစ်သာရဖြစ်သော ဘာဝနာကောင်းမှု=ဤ အနှစ်သုံးခု အကြောင်းပြုသဖြင့် ဘုရားမြတ်စွာ သာသနာတော်၏ အနှစ်သာရဖြစ်သော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်ကို အရဟတ္တမဂ်+ အရဟတ္တဖိုလ် ပေါက် ရရောက်ကြသည့်ကိုယ် ဖြစ်ကြပါစေ ကုန်သတည်း....။

နိဂုံး

အရဟတ္တဖိုလ်ပေါက် လောကုတ္တရာ သာသနာတော်ရဲ့ အနှစ်ကို ရရောက်တဲ့ ထိုဘဝဟာဖြင့် နောက်ဆုံးဘဝပဲ၊ အဲဒီနောက်မှာ သံသရာဝဋ်ဒုက္ခတွေ ဘဝအသစ် ဖြစ်စရာမရှိတော့ဘူး။ အရဟတ္တဖိုလ်ပေါက် သာသနာတော်၏ အနှစ်သာရကို ရရောက်သော ထိုနောက်ဆုံး ပစ္ဆိမဘဝ ဝယ် ပရိနိဗ္ဗာနစုတိစိတ်၏နောက်ကာလ၌ တစုံတခုသော ဘဝ+ယောနိ+ဂတိ+ဝိညာဏဋ္ဌိတိ+သတ္တာဝါသ+သတ္တနိကာယ မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန်အသစ် မဖြစ်ခြင်းဆိုတဲ့ အနုပ္ပါဒနိရောဓ၊ယင်းအနုပ္ပါဒနိရောဓကိုပင် ခေါ်တဲ့အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံကြပါစေကုန်သတည်း....။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်+ ကိလေသာဝဋ်+ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။ ။

ပြီး၏။

ဓမ္မနာဗ္ဗဒတိုက်ကြီး၏ သာသနာ့မိခင်
ဆရာကြီး ဒေါ်ဓမ္မစာရီကိုယ်တိုင် သီကုံး၍
အမြဲမပြတ် နှလုံးသွင်းအပ်သော

အရဟံဂုဏ်တော်ပုတီးစိပ်နည်း

(၁) သံသရာဝဋ်ဆင်းရဲ အပါယ်ဝဋ်ဆင်းရဲ၏ အကြောင်း မကောင်းယုတ်မာ တထောင့်ငါးရာ ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ ပယ်သတ်....၊

(၂) ဝါသနာအငွေ့ခေတ်နှင့် တကွ ထို တထောင့်ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ....၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ဖြစ်မှုကြိမ်ဖန် အတန်တန်လည်တတ်သော သံသရာ စက်၏ အကန့်ကိုဖျက်ဆီး....၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ပူဇော်အထူးကိုခံထိုက်....တသောင်းတိုက် လုံး ခြိမ့်အုံးညံ အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လှိုင်ကျော်စော တော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား....။

သော ဘဂဝါ ဣတိပိ အရဟံ။　　။(တခေါက်ဆုံးမှ ပုတီး တလုံးချပါလေ)။　　။

တိပိဋကဓရ ဆရာတော်-၏

မေတ္တာသုတ်လာ

မေတ္တာဘာဝနာ ပွားများနည်း

(၁) သဗ္ဗသင်္ဂါဟက မေတ္တာ

အလုံးစုံသော သတ္တဝါတို့ကို ပေါင်း၍(ခြုံ၍) ပို့သသောမေတ္တာပွါးနည်း ၁-ပါး။

ခပ်သိမ်းများစွာ၊သတ္တဝါ၊ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိဖြစ်ပါစေ။

(၂) တိကမေတ္တာ

သတ္တဝါတို့ကို သုံးပုံထား၍ ပို့သသော မေတ္တာပွားနည်း ၃-ပါး။

(က) ကြီး,ငယ်,အလပ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

(ခ) ရှည်,တို,အလပ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

(ဂ) ဆူ,ကြုံ, အလပ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

(၃) ဒုကမေတ္တာ

သတ္တဝါတို့ကို နှစ်ပုံထား၍ ပို့သသော မေတ္တာပွါးနည်း ၄-ပါး။

(က) မြင်ဘူး,မမြင်ဘူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(ခ) ဝေးနေ,နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

(ဂ) ဘဝဇာတ်သိမ်း,မသိမ်းများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

(ဃ) ကြောက်တတ်,မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ချမ်းသာကိုယ်စိတ်မြဲပါစေ၊ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

ဤ-ဂ-ပါးသော မေတ္တာပွားများနည်းတို့သည်-

ဟိတူပသံဟာရမေတ္တာ=သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား၍ ပို့သသော မေတ္တာပွားများနည်း ဖြစ်၏။

(၄) အဟိတာပနယန မေတ္တာ
သတ္တဝါတို့၏ အကျိုးစီးပွားမဲ့ကို ပယ်ရှားလို၍
ပွားများနည်း မေတ္တာ ၃-ပါး။

(က) တယောက်သည်တယောက်အား၊ မလိမ်လည်၊ မလှည့်ဖျားစေသား။

(ခ) တယောက်သည်တယောက်အား၊ မထေမဲ့မြင် မပြုပါစေသား။

(ဂ) ကိုယ်နှုတ်၊နှလုံး၊သုံးပါးလုံး၊ ချုပ်ချယ်ထိပါးလိုသော အလိုဖြင့်၊တယောက်သည်တယောက်အား၊ဆင်းရဲဒုက္ခကို၊အလိုမရှိကြပါစေသား။ ။

မေတ္တာသုတ်လာ မေတ္တာဘာဝနာပွားများနည်း ၁၁-ပါးတည်း။
ပြီး၏။

မန္တလေးမြို့ အနောက်ဖက်
မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဆရာတော်
ဦးဝိစိတ္တသာရာဘိဝံသမထေရ်မြတ်
ဟောကြား ဆုံးမတော်မူအပ်သော

ဝိပဿနာ ဘာဝနာ ဓမ္မသံဝေဂ လင်္ကာများ

အိုသူတော်ကောင်း....သင်ကား—

(၁) မမျှော်လင့်ပဲ၊ သူ၏နဲ၊ အိုလဲ အိုနိုင်၏။

(၂) မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ နာလဲ နာနိုင်၏။

(၃) မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ သေလဲ သေနိုင်၏။

သို့ရကား-

(က) ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင် ကောင်းမှု၊ ကြိုးစားပြုလော့။

(ခ) ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင် ကောင်းမှု၊ ကြိုးစားပြုလော့။

(ဂ) ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင် ကောင်းမှု၊ ကြိုးစားပြုလော့။

ဉာဏ်ပညာထက်မြက်သူ့ တနည်း အကျဉ်းကိုနှစ်သက်သူ့ တနည်း နာမ်တရား၌ တွေ့ဝေသူ့ ဤပုဂ္ဂိုလ်တို့အတွက် ခန္ဓာငါး ပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏၊ဉာဏ်ပညာအလယ် အလတ်ရှိသူ့ တနည်း မကျဉ်းမကျယ် အလယ်အလတ်ကို နှစ် သက်သူ့ တနည်း ရုပ်တရား၌တွေ့ဝေသူ ဤပုဂ္ဂိုလ်ဘို့ အတွက် အာယတန တဆယ့်နှစ်ပါးကို မြတ်စွာဘုရား ဟောကြားတော် မူ၏၊ ဉာဏ်ပညာနုံ့သောသူ တနည်း အကျယ်ကို နှစ်သက်သူ့ တနည်း နာမ်ရုပ်နှစ်ပါးလုံး၌ တွေ့ဝေသူ ဤပုဂ္ဂိုလ်တို့ အတွက် ဓာတ်တဆယ့်ရှစ်ပါးကို မြတ်စွာဘုရားဟောကြားတော်မူ၏။

ထို့ကြောင့် (ပါဠိမတတ်သူ) ထိုပုဂ္ဂိုလ်သုံးမျိုးတို့အကျိုး ငှါ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ မထေရ်မြတ် (၁၃၂၇)ခုနှစ် ကဆုန် လပြည့်ကျော် (၁၅)ရက် နေ့က ရေး သားအပ်သော-

(က) ခန္ဓာငါးပါး ဝိပဿနာတရားလင်္ကာ

၁။ ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊

နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....၊ ဒုက္ခ+အနတ္တ ပါတကား....။

၂။ ဝေဒနာမည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

၃။ သညာတွင်မည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

၄။ သင်္ခါရမည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

၅။ ဝိညာဏ်ခြောက်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊အနိစ္စသည်....၊ ဒုက္ခ+အနတ္တ ပါတကား....။

(ခ) ငါး အာယတန ဆယ့်နှစ်ပါး ဝိပဿနာ တရားလင်္ကာ

၁။ မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊မြော်ရှုထောက်သော်၊ သူ့သဘာဝ၊ အနိစ္စသည်....၊ဒုက္ခ+အနတ္တ ပါတကား....။

၂။ နားဟုတွင်မည်၊ရုပ်အကြည်လည်း၊ (ရှေနည်းအတူ ဆိုလေ)

၃။ နှာခေါင်းတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်း အတူ ဆိုလေ)

၄။ လျှာဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်း အတူ ဆိုလေ)

၅။ ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်း အတူ ဆိုလေ)

၆။ မနောတွင်မည်၊ စိတ်အကြည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ဖြစ်ပျက်နှစ်ဘန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....၊ဒုက္ခ+အနတ္တပါတကား....။

(ဆိုအပ်ပြီးသော မျက်စိ+နား+နှာ+လျှာ+ကိုယ်+ စိတ်=ဤခြောက်ပါးတို့ကို ကိုယ်တွင်း အာယတနခြောက် ပါး=အဇ္ဈတ္တိ ကာယတနခြောက်ပါးဟူ၍ ခေါ်၏)။

(က) အဆင်း တွင်မည်၊ ရုပ် ထို ဤကား၊ မြင့်ရှည် ကာလ၊ မတည်ထပဲ၊ ခဏ ဖြစ်လျက်၊ ခဏ ပျက်၏....။ ဖြစ်ပျက် နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျော မာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့ သဘာဝ၊ အနိစ္စသည်....၊ဒုက္ခ+အနတ္တ ပါတကား....။

(ခ) အသံတွင်မည်၊ ရုပ်ထိုဤလည်း၊ (ရှေးနည်းအတူ ဆိုလေ)

(ဂ) အနံ့တွင်မည်၊ ရုပ်ထိုဤလည်း၊ (ရှေးနည်းအတူ ဆိုလေ)

(ဃ) ရသာတွင်မည်၊ ရုပ်ထို ဉ်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(င) အတွေ့တွင်မည်၊ ရုပ်ထို ဉ်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(စ) ဓမ္မတွင်မည်၊ ရုပ်နာမ် သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျော မှာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့ သဘာဝ၊ အနိစ္စသည်....၊ဒုက္ခ+အနတ္တ ပါတကား....။ ။

(ဆိုအပ်ပြီးသော အဆင်း+အသံ+အနံ့+အရသာ+ အတွေ့+အထိ+ဓမ္မ သဘော = ဉ်ခြောက်ပါးတို့ကို အပြင် အာယတန ခြောက်ပါးဟူ၍ ခေါ်၏)။

တဲကုပ်ကလေး ခြောက်ခု စု၍ နေသည့် ရွာနှင့်တူသော အတွင်း အာယတန ခြောက်ပါး+ရွာဖျက် ခားပြ ဗိုလ်ကြီး ခြောက်ဦး နှင့် တူသော အပြင် အာယတန ခြောက်ပါး= ဉ်အာယတန(၁၂)ပါးတို့၏ အနိစ္စသဘော+ ဒုက္ခသဘော+ အနတ္တသဘော အမှန်ကို မဂ်ဉာဏ်လေးပါးတို့ကို ရရှိသည်အထိ သိမြင်အောင် ကြိုးစား ပွားများနိုင်ကြပါစေသတည်း။ ။

(ဂ) ငါးခတ်တဆယ့်ရှစ်ပါး ဝိပဿနာ
တရားလင်္ကာ

(၁) မျက်စိတွင်မည်၊ရုပ်အကြည်ကား၊မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊

နှိပ်စက်ဒဏ်ဖြင့်၊ တရိမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....၊ ဒုက္ခ+အနတ္တ ပါတကား....။

(၂) အဆင်းတွင်မည်၊ ရုပ်ထိုကျဲလည်း၊ (ရှေးနည်း အတူ ဆိုလေ)

(၃) မျက်စိ၌မှီ၊ဝိညာဏ်သည်လည်း၊(ရှေးနည်းဆိုလေ)

(၊) နားဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်း အတူ ဆိုလေ)

(၊၊) အသံတွင်မည်၊ ရုပ်ထိုကျဲလည်း၊ (ရှေးနည်းအတူ ဆိုလေ)

(၊၊၊) နား၌စွဲမှီ၊ ဝိညာဏ်သည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(က) နှာခေါင်းတွင်မည်၊ရုပ်အကြည်လည်း၊(ရှေးနည်း အတူ ဆိုလေ)

(ခ) အနံ့တွင်မည်၊ ရုပ်ထိုကျဲလည်း၊ (ရှေးနည်းအတူ ဆိုလေ)

(ဂ) နှာခေါင်း၌မှီ၊ ဝိညာဏ်သည်လည်း၊ (ရှေးနည်း အတူ ဆိုလေ)

(၁) လျှာဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်း အတူဆိုလေ)

(၂) ရသာတွင်မည်၊ ရုပ်ထိုကျဲလည်း၊ (ရှေးနည်းအတူ ဆိုလေ)

(၃) လျှာ၌စွဲမှီ၊ ဝိညာဏ်သည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(၊) ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(၊၊) အတွေ့တွင်မည်၊ ရုပ်ထိုကြ်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(၊၊၊) ကိုယ်၌စွဲမှီ၊ ဝိညာဏ်သည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(က) မနောတွင်မည်၊ စိတ်အကြည်လည်း၊ (ရှေးနည်းအတူ ဆိုလေ)

(ခ) ဓမ္မတွင်မည်၊ ရုပ်နာမ်သည်လည်း၊(ရှေးနည်းအတူ ဆိုလေ)

(ဂ) မနောတွင်မည်၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်--- ဒုက္ခ+အနတ္တ ပါတကား....။ ။

(အိုသူတော်ကောင်း....သင်သည် ခန္ဓာငါးပါး ဝိပဿနာလင်္ကာ+အာယတန တဆယ့်နှစ်ပါး ဝိပဿနာလင်္ကာ+ ဓာတ်တဆယ့်ရှစ်ပါး ဝိပဿနာလင်္ကာတို့ကို စေ့ငှအောင် ရွတ်ဆိုပွားများကြည့်ပါ၊ ထိုသို့ ပွားများကြည့်၍ မိမိစိတ်၌ အနှစ်သက်ဆုံး ဝိပဿနာလင်္ကာသည် မိမိနှင့် အသင့်တော်ဆုံး ဖြစ်၍ ထိုဝိပဿနာလင်္ကာကို စွဲမြဲ၍ပွားပါ။ထိုသို့ ပွားများဖန်များလျှင် ပါရမီအလျောက် အရိယမဂ်+ဖိုလ်သို့ ရောက်ပါလိမ့်မည်)။ ။

အပ္ပမာဒ သံဝေဂလင်္ကာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဉ်ပုံ၊ ဖြစ်လိုတုံလည်း၊ တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွှဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍—

ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော၊
ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော၊
ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော၊

ရတုချိန်ထောက်၊ ဉာဏ်ခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိမ့် ငါ—ဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမှ၊ မရှိကြဘူး—

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"
ဘုရားစကား၊ လိုက်နာပွားသည်၊ ၊တရားလက်မလွှတ်စေနှင့်။

ကိသာဂေါတမီ မျက်ရည်သိမ်း သံဝေဂလင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဉာဏ်သင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တနိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တမြို့ရွာဝယ်၊ မျက်နှာမှဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး....။ပြဟ္မာ+လူ+နတ်၊ထုတ်ချင်းခတ်အောင်၊ဥပါဒ်စ-လျှင်၊ငြိသို့ဝင်၍၊ ဘင်္ဂက္ခဏ၊မရဏဖြင့်၊ရွှရွှလှုပ်လှုပ်၊တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည် - - -

အရိုး အနိစ္စပါတကား....။
အရိုး ဒုက္ခပါတကား....။
အရိုး အနတ္တပါတကား....။

ကိသာဂေါတမိထေရီ ရဟန္တာဖြစ်သည့် ဂါထာနှင့် တရားလင်္ကာ

(ဂါထာ) ယော စ ဝဿသတံ ဇီဝေ၊
အပဿံ အမတံပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော အမတံပဒံ။ ။

(လင်္ကာ) အနှစ်တရား၊ သက်ရှည်ကြာလည်း၊ ခေမာ အမတ၊ မမြင်ရသော်၊ ဘဝဤဇာတ်၊ ကယ်မမြတ်ဘူး....။ ဝိပဿနာ၊ အခြေပါ၍၊ လေးဖြာမဂ်စု၊ ဉာဏ်စက္ခုဖြင့်၊ ခုဝကေန်၊ နေရပ်ဘန်ကို၊ ဝေဘန်မြင်က၊ တရက်မျှလျှင်၊ ဇီဝရှည်လျှင်း၊ တည်နေခြင်းက၊ လွန်မင်းသာစွ၊ မြတ်ထွက်လှ-ဟု၊ ဇိနဘုရား၊ ဟောမိန့်ကြားသည့်---၊တရားကြိုးသင့်လှပြီတကား....။ ။

နာမ်ရုပ်ကိုပိုင်းခြား၍ ဝိပဿနာတင်ရန်

၁။ ဤကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ဖြစ်၍ ချုပ်၏....။နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကားငါတည်၊ ဤမှာဇီဝ၊ ဤ အတ္တ-ဟု၊ ညွှန်ပြဘွယ်ရာ၊ မရှိပါသည်---၊ ခန္ဓာ နာမ်ရုပ်မျှသာတည်း....။

၂။ နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍ နှိပ်စက် ခြင်းရာ၊ လိုမပါဘူး....။သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်---၊ဒုက္ခ+အနတ္တ ချည်းသာတည်း....။

စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာ

၁။ ပဉ္စသန္ဓေ၊ အို+နာ+သေ—ဟူ၊ လေးတွေရင်းမြစ်၊ ဒုက္ခဖြစ်၏....။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်း ပြသော်၊ ပဥ္စုပါဒါ၊ ငါးခန္ဓာ---၊ သစ္စာဒုက္ခ မှန်မှောလှ။

၂။ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊လောဘမှာ---၊ သစ္စာသမုဒယ မှန်မှောလှ။

၃။ တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ---၊ သစ္စာနိရောဓ မှန် မှောလှ။

၄။ နိဗ္ဗာန် ရောက်ကြောင်း၊ ကောင်းသော အသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်း သော အပြု၊ ကောင်မှု သက်မွေး၊ ကောင်းရေး လုံ့လ၊ ကောင်းထ သတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်---၊ တွင်ညီမဂ္ဂ မှန်မှောလှ။

(မှတ်ချက်)ဓမ္မစကြာပါဠိတော်လာ သစ္စာလေးပါးကို ဖော်ပြ သည့်"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ"-အစရှိသော စာပိုဒ် ၄-ပိုဒ် ပါဠိနှင့် အနက် တို့ကိုပါ ယှဉ်တွဲ၍ ဤလင်္ကာအတိုင်း နှလုံးသွင်းလျှင် ပို၍ ထင်လွယ်သိလွယ်၏။ ။

တော — လေးဆယ်ခေါ်သော
ဘာဝနာလေးဆယ် ပါဌ်+အနက်
(အနိစ္စလက္ခဏာပြ ဂါထာ)

ရူပံ အနိစ္စံ ပလောကံ၊
စလံ+ ပဘင်္ဂု + အဒ္ဓုဝံ။
ဝိပရိဏာမာ + သာရကံ၊
ဝိဘဝံ+မစ္စု+သင်္ခတံ။ ။

ရူပံ=ရူပက္ခန္ဓာသည်——

၁။ အနိစ္စံ=မြဲခြင်း သဘောမရှိ၊
၂။ ပလောကံ=ပျက်စီးခြင်း သဘောရှိ၏၊
၃။ စလံ=ရွေ့ရှား တုန်လှုပ်တတ်၏၊
၄။ ပဘင်္ဂု=ဖရိုဖရဲ ပြိုကွဲခြင်း သဘောရှိ၏၊
၅။ အဒ္ဓုဝံ=ခိုင်မာခြင်း သဘောမရှိ၊
၆။ ဝိပရိဏာမံ=ဖောက်ပြန်ခြင်း သဘောရှိ၏၊
၇။ အသာရကံ=အနှစ်သာရမရှိ၊
၈။ ဝိဘဝံ=ဆုံးရှုံးခြင်း သဘောရှိ၏၊
၉။ မစ္စု=သေခြင်း သဘောရှိ၏၊
၁၀။ သင်္ခတံ=အဖန်ဖန်ပြုပြင်အပ်သော သဘောရှိ၏။

အနိစ္စံ=အနိစ္စလက္ခဏာ ဆယ်ချက်ပါတည်း။ ။

ဒုက္ခံ ရောဂါ+ဃံ ဂဏ္ဍံ၊
သလ္လာ + ဗာဓံ ဥပဒ္ဒဝံ။
ဘယီ +တျု+ပသဂ္ဂါ + တာဏံ၊
အ လေဏာ + သရဏံ ဝဓံ။ ။

အဃမူလံ အာဒီနဝံ၊
သာသဝံ မာရအာမိသံ॥
ဇာတိ+ဇ္ဇရံ ဗျာဓိ သောကံ၊
ပရိဒေဝ + မုပါယာသံ॥
သံကိလေသသဘာဝကံ॥ ॥

(နှစ်ဂါထာနှင့် ၁-ပိုဒ်)

စ=အနိစ္စသာဖြစ်သည်မဟုတ်သေး॥ ရူပံ=ရူပက္ခန္ဓာသည်-

၁॥ ဒုက္ခံ=ယုတ်မာညစ်ဆိုး ဒုက္ခမျိုးသာတည်း၊
၂॥ ရောဂံ=ကျင်နာညစ်ဆိုး ရောဂါမျိုးသာတည်း၊
၃॥ အဃံ=အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း၊
၄॥ ဂဏ္ဍံ=မဖွယ်ရုပ်ဆင်း ထွတ်မြင်းအနာ မျိုးသာ တည်း၊
၅॥ သလ္လံ=စူးဝင်ညစ်ဆိုး မြှားငြောင့် မျိုးသာတည်း၊
၆॥ အာဗာဓံ=နှိပ်စက်လွှမ်းမိုး အနာမျိုး သာတည်း၊
၇॥ ဥပဒ္ဒဝံ=လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပဒ် မျိုးသာတည်း၊
၈॥ ဘယံ=ကြောက်ဖွယ် ညစ်ဆိုး ဘေးရန် မျိုးသာ တည်း၊
၉॥ ဤတိ=ထိတ်လန့်စဖွယ် အန္တရာယ်မျိုး သာတည်း၊
၁၀॥ ဥပသဂ္ဂံ=တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပဒ် မျိုးသာတည်း၊
၁၁॥ အတာဏံ=စောင့်ရှောက်မဲ့လျှင်း ဘေး၏အသင်း သာတည်း၊

၁၂။ အလေဏံ= ကွယ်ကာမဲ့လျှင်း ဘေး၏အသင်းသာ တည်း၊
၁၃။ အသရဏံ= ကိုးရာမဲ့လျှင်း ဘေး၏ အသင်းသာ တည်း၊
၁၄။ ဝဓံ=သမ္ဗုတိသစ္စာ လျော်စွာပညတ် ခေါ်ဝေါ် အပ်သည့် လူ+ နတ်+ ဗြဟ္မာ သတ္တဝါကို သုံး ဖြာခဏာ ဘင်သို့ကျအောင် ကာလမရှည် သန္တာန် စည်၍ နာရီမလပ် အတွင်သတ်သည့် သူသတ် မျိုးရိုးသာတည်း၊
၁၅။ အဃမူလံ=ကျိုးမဲ့ ခပင်း ဆင်းရဲခြင်း၏ အရင်း အမြစ်သာတည်း၊
၁၆။ အာဒီနဝံ = ဆိုးဝါးညစ်ကျူ အပြစ်စုသာတည်း၊
၁၇။ သာသဝံ=အာသဝေါတရား လေးပါးတို့၏ အစီး အပွားသာတည်း၊
၁၈။ မာရအာမိသံ=ကိလေသမာရ် မစ္စုမာရ်တို့၏ စား ဖပ်ဝါးဖပ် သုံးသပ် နှင်းနယ်ရာသာတည်း၊
၁၉။ ဇာတိ= လောကသုံးခွင် ဘုံအပြင်၌ ခေါ်တွင် ပေါ်လာ သတ္တဝါ-ဟု မညာမငဲ့ အရှဲ့ အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိ၏၊
၂၀။ ဇရာ=ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိ၏၊
၂၁။ ဗျာဓိ=ဖျားနာခြင်း သဘောရှိ၏၊
၂၂။ သောအံ=စိုးရိမ်ပူပန်ခြင်း သဘောရှိ၏၊
၂၃။ ပရိဒေဝံ=ငိုကြွေးမြည်တမ်းရခြင်း သဘောရှိ၏၊

၂၄။ ဥပါယာသံ=သက်ကြီး ရှိုက်ငင် ပင်ပန်းရခြင်း သဘောရှိ၏၊
၂၅။ သံကိလေသ သဘာဝကံ = တဏှာ + ဒိဋ္ဌိ ဒုစ္စရိတ- တည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို ပွားစီးစေတတ်သော သဘောရှိ၏။
ဒုက္ခံ=ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါးတည်း။

အနတ္တာ စ ပရံ ရိတ္တံ၊
တုစ္ဆံ သုည+န္တိ တာလီသံ။
ဝေဒနာဒယော ခန္ဓာပိ၊
တထေဝ ပဉ္စကာပိ ဝါ။ ။

စ = အနိစ္စ + ဒုက္ခသာ ဖြစ်သည် မဟုတ်သေး။ ရူပံ = ရူပက္ခန္ဓာသည်—
၁။ အနတ္တာ=ကိုယ်မဟုတ်၊
၂။ ပရံ=အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်း ပြင်ပသာတည်း၊
၃။ ရိတ္တံ=အနှစ်သာရ ဟူသမျှနှင့် မြူမျှမယှဉ် အစဉ် ဆိတ်ကင်းသော တရားသာတည်း၊
၄။ တုစ္ဆံ=ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှ နှင့် မြူစ-မနီး အချည်းနှီးသော တရားသာ တည်း၊
၅။ သုညံ=ထောက်ရာ, တည်ရာ ကိုးကွယ်ရာမျိုး တစိုး တစိ မရှိလုံးလုံး အသုံးမကျသော တရားသာ တည်း။

အနုတ္တာ=အနုတ္တလက္ခဏာ ငါးပါးတည်း။ ဣတိ=ဤသို့။ တာလီသံ=လေးဆယ်သော အခြားအရာရှိ၏။ ဝေဒနာဒယော=ဝေဒနာ အစရှိကုန်သော။ ခန္ဓာပိ=နာမ်ခန္ဓာတို့သည်လည်း။ တထေဝ=ထိုရူပက္ခန္ဓာ အတူသာလျှင်။ တာလီသံ=အခြင်းအရာ လေးဆယ်စီချည်း ရှိကြကုန်၏။ ဝါ=အစိတ်မှတပါး အပေါင်းတနည်းကား။ ပဉ္စကာပိ=ခန္ဓာငါးပါးလုံးတို့သည်လည်း။တထေဝ-တထာဧဝ=ထို့ အတူသာလျှင်။တာလီသံ=လေးဆယ်သော အခြင်းအရာရှိကုန်၏။

(ကြွင်းသော နာမ်ခန္ဓာလေးပါးတို့၌လည်း-

ဝေဒနာ အနိစ္စာ ပလောကာ စလာ ပဘင်္ဂု အဒ္ဓုဝါ---

သညာ အနိစ္စာ ပလောကာ စလာ ပဘင်္ဂု အဒ္ဓုဝါ---

သင်္ခါရာ အနိစ္စာ ပလောကာ စလာ ပဘင်္ဂု အဒ္ဓုဝါ---

ဝိညာဏံ အနိစ္စံ ပလောကံ စလံ ပဘင်္ဂုံ အဒ္ဓုဝံ....

စသည်ဖြင့် သုံးသပ်ဆင်ခြင်ရာ၏။ ၎င်းလေးဆယ်တို့ကို ခန္ဓာငါးပါးတို့ဖြင့် မြှောက်သော် အနိစ္စာနုပဿနာ ၅၀+ဒုက္ခာနုပဿနာ ၁၂၅+အနတ္တာနုပဿနာ ၂၅-အားဖြင့်=သမ္မသန ၂၀၀ ဖြစ်၏)။

သမ္မသနအကျိုးပြ ဂါထာ

စတ္တာလီသာယာ+ကာရေဟိ၊
ပဉ္စက္ခန္ဓေ သ သမ္မသံ။
လာဘီ+နုလောမိကံ ခန္တိံ၊
သမ္မတ္တနိယမံ ကမေ။ ။

စတ္တာလီသာယ=လေးဆယ် အတိုင်းအရှည်ရှိသော။ အာကာရေဟိ=အခြင်းအရာတို့ဖြင့်။ ပဉ္စက္ခန္ဓေ=ခန္ဓာငါးပါးတို့ကို။

သမ္မသံ-သမ္မသန္တော=သုံးသပ် ဆင်ခြင်သော။ သ-သော=ထို ယောဂီပုဂ္ဂိုလ်သည်။ အနုလောမိကံ=အရိယမဂ်ကို ရခြင်း အား လျော်သော။ ခန္တိံ=အာရုံသဘော ဝင်လျော ပိုင်းခြား ခန့်ညား သည်းခံသော ဝိပဿနာဉာဏ်ကို။ လဘတိ=ရသည်။ ဟောတိ= ဖြစ်၏။သမ္မတ္တနိယာမံ=မဖောက်ပြန်သော သဘောရှိ၍ မြဲမြံသော အရိယမဂ်သို့။ ဩက္ကမတိ=သက်ဝင်၏။ ။

ဘာဝနာလေးဆယ် ပြီး၏။

ဤခေတ် ၆-ပါး သိမ်းဆည်းပုံနှင့်

နောက်ဆက်တွဲပါ မစ္ဆိမ ဓမ္မကထာများကို ဖတ်ရှုလေ့ လာ ပွားများ နှလုံးသွင်းလိုကြကုန်သော သူတော်စင်အပေါင်း တို့သည် ဖော်ပြလတ္တံ့သော နာထ တရားဆယ်ပါးနှင့် ထိန မိဒ္ဓ ပယ်ဖျောက်ကြောင်း တရား ခုနစ်ပါးတို့ကို လက်ကိုင် ထားကြ လျက်၊ မဂ်ဖိုလ်တိုင်ရောက် ပြီးမြောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေသော်။ ။

(အင်္ဂုတ္တရ နိကာယ ဒသက နိပါတ်တော်လာ)

နာထတရား—မှီခိုအားထားရာ တရားဆယ်ပါး

သီလဂရု၊ ဗဟုသုတ၊ သုမိတ္တာဝါ၊ သုဝါစာ၊ လိမ္မာ ထိုထိုမှု၊

ဓမ္မကာမ၊ အာရဒ္ဓဝိ၊ သန္တုဋ္ဌိနှင့်၊ သတိနေပက်၊ ပညာ ထက်၊ ဆယ်ချက်နာထ-စု။

၁။ သီလဂရု =သီလကို အလေးပြု စောင့်ထိန်းခြင်း။

၂။ ဗဟုသုတ =သီလ, သမာဓိ, ပညာနှင့်စပ်သော တရားစကားကို များစွာ ကြားနာခြင်း။

၃။ သုမိတ္တဝါ =သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, တရားတို့နှင့် ပြည့်စုံသည့် မိတ်ဆွေကောင်းကို ပေါင်းသင်းလေ့ရှိခြင်း။

၄။ သုဝါစ =ပညာရှိ သူတော်ကောင်းတို့က ဆိုဆုံးမလျှင် ဆန့်ကျင်ဘက် မပြောဆိုဘဲ ရိုသေစွာ နာယူခြင်း။

၅။ လိမ္မာထိုထိုမှု =တရား ကျင့်ဖော် ကျင့်ဘက်တို့၏ အမှုကိစ္စတို့၌ ထကြွလုံ့လ ဝီရိယရှိ၍ ကျွမ်းကျင်လိမ္မာစွာ ကူညီဆောင်ရွက်ခြင်း။

၆။ ဓမ္မကာမ =သူတော်ကောင်းတရားတို့ကိုအလိုရှိခြင်း၊ တရားတော်ကို လိုလိုချင်ချင် နာယူပြောဆိုလေ့ရှိခြင်း။

၇။ အာရဒ္ဓဝီ =အကုသိုလ် တရားတို့ကို ပယ်ရှားဘို့ရန် အကုသိုလ် တရားတို့၌ လုလ္လဝီရိယ ရှိ၍ အားထုတ်ခြင်း။

၈။ သန္တုဋ္ဌိနှင့် =မိမိ၌ထင်ရှားရှိသောပစ္စည်းများဖြင့်သာ တင်းတိမ်ရောင့်ရဲ ကျေနပ်ခြင်း၊ မိမိ၌မရှိသည့်ပစ္စည်းများကို မလိုလား မတောင့်တခြင်း။

၉။ သတိနေပက် =ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ လေးဌာနတို့ ၌ရင့်ကျက် ထက်သန်သည့် ပညာပါရှိသော သတိနှင့်ပြည့်စုံခြင်း။

၁၀။ ပညာထက် =ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိမြင်, ဆင်ခြင် တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

ဆယ်ချက်နာထ-စု =ဤတရားဆယ်ပါးကို နာထတရား ဆယ်ပါး၊ နိဗ္ဗာန်ကိုရရှိရန် စိတ်ချ ယုံကြည်စွာ အားကိုးပြုရသည့် တရားဆယ်ပါး ဟူ၍ ခေါ်သည်။

(ဤတရားဆယ်ပါးသည် အင်္ဂုတ္တိုရ်ပါဠိတော် တရားဆယ်မျိုးတို့ကို ဖော်ပြသည့် ဒသကနိပါတ်၌ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သတည်း။)

ထိနမိဒ္ဓ-(ငိုက်မျည်းခြင်း) ပယ်ပျောက်ကြောင်းတရား ခုနစ်ပါး လင်္ကာ

ပယ်ပျောက်သညာ၊ စာနှလုံးသွင်း၊ စာအံလျှင်းတည့်၊ နားပျဉ်းကိုယ်သပ်၊ အရပ်ရှုပြေ်၊ အာလောကပွား၊ စင်္ကြံသွား၊ ခုနစ်ပါး ငိုက်မျည်းပျောက်ကြောင်းတည်း။

၁။ ပယ်ပျောက်သညာ ....(တရား နှလုံးသွင်းရင်း ငိုက်မျည်းလာလျှင် မူလနှလုံးသွင်းရင်း သညာကို နှလုံးမသွင်းရ၊ ဥပမာ-အနိစ္စသညာကို နှလုံး

သွင်းရင်း ငိုက်မျဉ်းလာလျှင် ထိုအနိစ္စ သညာ နှလုံးသွင်းမှုကို ခေတ္တရပ်ဆိုင်း ထားရမည်)

၂။ စာနှလုံးသွင်း ....(ဤနည်းဖြင့်မှ မရလျှင် မိမိသင်ကြား လေ့လာ ထားသော ပရိယတ် စာပေ များကို စိတ်ဖြင့် အဖန်ဖန် ကြံစည် နှလုံးသွင်းရမည်၊ မိမိနှုတ်တက် ရရှိထား သော ဓမ္မစကြာ, အနတ္တလက္ခဏာသုတ် စသည်ကို စိတ်ဖြင့် ကြံစည်ရမည်)

၃။ စာအံလျှင်းတည့် ....(ဤနည်းဖြင့်မှ မရလျှင် မိမိသင်ကြား လေ့လာထားသော ပရိယတ်စာပေများ ကို အကျယ်နှုတ်မြွက်၍ ရွတ်အံရမည်)

၄။ နားပျဉ်းကိုယ်သပ် ....(ဤနည်းဖြင့်မှ မရလျှင် မိမိ၏ နား ပျဉ်း-နားရွက်ကို လက်ဖြင့် ဆွဲရမည်၊ ကိုယ်ကို လက်ဖြင့် အဖန်ဖန် ပွတ်သပ် ပေးရမည်)

၅။ အရပ်ရှုမြော် ....(ဤနည်းဖြင့် မရလျှင် နေရာမှထ၍ မျက်နှာ သစ်ပြီးလျှင် အရပ် မျက်နှာ နက္ခတ်ကြယ်တာရာတို့ကို ကြည့်ရှုရမည်)

၆။ အာလောကပွား ....(ဤနည်းဖြင့်မှ မရလျှင် အာလောက သညာကို ပွားများရမည်၊ နေ့အခါဖြစ် လျှင် နေရောင်ကိုရှု၍, ညဉ့်အခါဖြစ်

လျှင် လ-ရောင်ကိုရှု၍ (လ-မရှိလျှင်) ဆီမီးရောင် - စသည်ကိုရှု၍ "အာလောကော၊ အာလောကော- အလင်းရောင်၊ အလင်းရောင်"ဟူ၍ အဖန်ဖန် ရွတ်ပွား နှလုံးထားရမည်)

၇။ စင်္ကြံသွား ....(ဤနည်းဖြင့်မှ မရလျှင် ဣန္ဒြေတို့ကို ချုပ်တည်း၊ စိတ်ကိုလည်း ကိုယ်တွင်း၌ သာထားကာ လူးလားတုန့်ခေါက် စင်္ကြံ လျှောက်ရမည်)

ခုနစ်ပါးငိုက်မျည်း ပျောက်ကြောင်းတည်း....(ဤခုနစ်ပါးသော နည်းအဆင့်ဆင့်ဖြင့် ငိုက်မျည်းခြင်းကို ပယ်ဖျောက်၍ မရလျှင် ကရဇခေါ်ဆို ဤရုပ်ကိုယ်မှာ ပင်ပန်းလှပြီဖြစ်၍ အနား ပေးရန် အချိန်တန်ရကား.... လက်ျာနံ တောင်းဖြင့် လျောင်းကာ၊ လက်ဝဲခြေကို လက်ျာခြေ၏ရှေ့သို့အနည်းငယ်လွန်စေ၍ သတိသမ္ပဇဉ် လက်မလွှတ်ပဲ "ဤမည် သောအချိန်ကျလျှင်ငါထမည်"ဟူသော အမှတ်ကို နှလုံးသွင်း၍ ဉာသ်မင်းပမာ တည်ကြည်စွာ အိပ်စက်ရမည်။ အိပ်ရာမှ နိုးလျှင် နိုးခြင်း "စင်း၍နေသော ချမ်းသာ, စောင်း၍နေသောချမ်းသာ, ငိုက် မျည်း၍နေသော ချမ်းသာတို့ကို ငါမခံ

တိပိဋကဓရ ဆရာတော်၏

စားဘူးဟဲ့ ” ဟု စိတ်ကို တင်းလျက်
လျှင်မြန်စွာ ထရမည်)။

ဤကား ....သတ္တကနိပါတ် အင်္ဂုတ္တိုရ် ပစလာယမာန သုတ်
လာ ငိုက်မျည်းခြင်း ပယ်ဖျောက်ကြောင်းတရား
ခုနစ်ပါးတည်း။ ။

ရှိသေစွာ လိုက်နာဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

အဓိပ္ပါယ် ရှင်းလင်းချက်များကဏ္ဍ

သွား၊ ရပ်၊ ထိုင်၊ လျောင်း—(ဣရိယာပထ) စသည်တို့၏ အဓိပ္ပါယ်တို့ကို ရှင်းလင်းဖော်ပြခြင်း

> စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
> သမိဉ္စေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။

စသည်ဖြင့် (သုတ္တနိပါတ် အဋ္ဌကထာ၊ ပဌမအုပ် စာမျက်နှာ ၂၃၅၊ ၁-ဥရဂဝဂ်၊ ၁၁-ဝိဇယသုတ် အဖွင့်၌ လာရှိသည်)

စရံ ဝါ = သွားလည်းသွား၏။ ယဒိ = ထိုမှတပါး။ တိဋ္ဌံ ဝါ = ရပ်လည်းရပ်တည်၏။ နိသိန္နော ဝါ = ထိုင်လည်း ထိုင်နေ၏။ ဥဒ = ထိုမှတပါး။ သယံ ဝါ = လျောင်းလည်းလျောင်းစက်၏။ သမိဉ္စေတိ = ထိုထိုအဆစ်တို့ကို ကွေးလည်း ကွေးညွှတ်၏။ ပသာရေတိ = ဆန့်လည်း ဆန့်တန်း၏။ ဧသာ = ဤ သွား, ရပ်, ထိုင်, လျောင်း, ရွေ့နှောင်းတက်, ဆုတ်, ကွေးရှုပ်, ဆန့်တန်းမှုအစုစု အဖုံဖုံ အမှုအရာ အလုံးစုံသည်။ ကာယဿ = ကိုယ်ခန္ဓာ၏။ ဣဉ္ဇနာ = လှုပ်ရှားမှုသာတည်း။

ဤဂါထာဖြင့် ဤဆိုလတ္တံ့သော အနက်အဓိပ္ပါယ်ကို ဖော်ပြသည်—

ဤကိုယ်ခန္ဓာ၌ အခြားတပါးသော တစုံတယောက်သော သွားတတ်သူ ပုဂ္ဂိုလ်သတ္တဝါ, ရပ်တတ်သူ ပုဂ္ဂိုလ်သတ္တဝါ၊ ထိုင်

တတ်သူ ပုဂ္ဂိုလ်သတ္တဝါ, လျောင်းတတ်သူ ပုဂ္ဂိုလ်သတ္တဝါ, ရှေးနှောင်းတက်, ဆုတ်, ကွေးရုပ်, ဆန့်တန်းတတ်သူ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍မရှိ၊ စင်စစ်သော်ကား—

(က) သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။
(ခ) စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော ကိုယ်ဝယ်ပြည့်။
(ဂ) ဝါယောပြည့်သော် ဝိညတ်ပေါ် (ရုပ်သစ်ပေါ်) ရုပ်သော် သွားလာ၏ (သွားပေ၏)။
(ဃ) ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့် ကြည့် (ဉာဏ်ဖြင့်သိ)။
(င) ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။
(စ) ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
(ဆ) ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။
(ဇ) ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေးဉာဏ်ဖြင့်သိ။
(ဈ) ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့်ဉာဏ်ဖြင့်သိ။ ဟူသောအတိုင်း—

၁။ သွားလိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တကိုယ်လုံး၌ ပြန့်နှံ့လေသည်။ ထိုသို့ ဝါယောဓာတ် တကိုယ်လုံးပြန့်နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ သွားလိုရာအရပ်သို့ ရှေ့ရှုဆောင်ခြင်းသည်ဖြစ်၏။ သွားလိုရာအရပ်တပါးဖက်၌ သွားသောအမူအရာအားဖြင့် ရုပ်ထူးတို့ ထင်ရှား ဖြစ်ပေါ်လာကြ၏ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အဆက်ဆက်တို့၏ သွားသောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-

ဖြစ်ကြသည်ကိုပင်) "သွား၏"ဟူ၍ လောကပညတ်ခေါ်ဆိုအပ်လေသည်။

၂။ ထို့အတူ ရပ်လိုသောစိတ်ဖြစ်လတ်သော် ထိုစိတ် ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တကိုယ်လုံးသို့ ပြန့်နှံ့လေသည်၊ ထိုသို့ဝါယောဓာတ် တကိုယ်လုံးပြန့်နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ မတ်မတ် စိုက်ထောင်ခြင်းသည် ဖြစ်၏၊အထက် အထက် ဌာနဖြင့် ရုပ်အထူးတို့၏ အဆင့်ဆင့် ဖြစ်ပေါ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အဆက်ဆက်တို့ အောက်နှင့်အထက် အဆင့်ဆင့် ရပ်သောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင်(ဝါ-ဖြစ်သည်ကိုပင်) "ရပ်၏"ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

၃။ ထို့အတူ ထိုင်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တကိုယ်လုံးသို့ ပြန့်နှံ့လေသည်၊ထိုသို့ ဝါယောဓာတ်တကိုယ်လုံး ပြန့်နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ အောက်ပိုင်းက ကွေးသော အမူအရာ အထက်ပိုင်းက စိုက်ထောင်သောအမူအရာ ဖြစ်ပေါ်လာ၏၊ အောက်ပိုင်း ကိုယ်ကာယက ကွေးသော အမူအရာ အထက်ပိုင်းကိုယ်ကာယက စိုက်ထောင်သော အမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှား ဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်၊ ထိုသို့ ရုပ်အထူးတို့ ထိုင်သောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ - ဖြစ်ကြသည်ကိုပင်) "ထိုင်၏" ဟူ၍ လောကပညတ်ခေါ်ဆိုအပ်လေသည်။

၄။ ထို့အတူ လျောင်းလို အိပ်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည် တကိုယ်လုံးသို့ ပြန့်နှံ့လေသည်၊ ထိုသို့ ဝါယောဓာတ် တကိုယ်လုံး ပြန့်နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ ဖီလာကန့်လန့် ဆန့်

သော အခြင်းအရာ ဖြစ်ပေါ်လာ၏၊ ဖီလာကန့်လန့် ဆန့်သော အမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှားဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်၊ ထိုသို့ ရုပ်အထူးတို့ ဖီလာကန့်လန့် ဆန့်သောအမူအရာ=လျောင်းအိပ်သော အမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) "လျောင်း၏=အိပ်၏"ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

ထို့အတူ "ကွေး၏ ဆန့်၏"ဟု ဆိုရာ၌လည်း ကွေးလို, ဆန့်လိုသော စိတ်ဖြစ်လတ်သော် ထိုစိတ် ကြောင့် ဖြစ်သော ဝါယောဓာတ်သည် ထိုထိုအဆစ်တို့သို့ ပြန့်နှံ့လေသည်၊ ထိုသို့ ဝါယောဓာတ် ပြန့်နှံ့ခြင်းကြောင့် အဆစ်တို့၏ ကွေးသောအမူအရာ, ဆန့်သောအမူအရာ ဖြစ်ပေါ်လာလေသည်၊ ကွေးသော အမူအရာ, ဆန့်သောအမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှားဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်၊ ထိုသို့ ရုပ်အထူးတို့ ကွေးသော အမူအရာ, ဆန့်သောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) "ကွေး၏,ဆန့်၏"ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

ထို့ကြောင့် ဖော်ပြရာပါ လောကပညတ် ခေါ်ဆိုအပ်သည့် သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု = အိပ်မှု, ကွေးမှု, ဆန့်မှု အမူအရာ အစုစုသည် ဤကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာဖြစ်၏၊ =ထိုထိုအမူအရာဖြင့် ရုပ်တရား အထူးသို့ ထင်ရှားဖြစ်ပေါ်မှုသာ ဖြစ်၏ဟု ဆိုလိုသည်၊ ဤခန္ဓာကိုယ်၌ အခြားတပါး တစုံတယောက် သွားတတ်, ရပ်တတ်, ထိုင်တတ်, လျောင်းတတ်= အိပ်တတ်, ကွေးတတ်, ဆန့်တတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ ဟူ၍ မရှိ၊ ဤကိုယ်ခန္ဓာသည် တစုံတယောက် သွားတတ်သော

ပုဂ္ဂိုလ်သတ္တဝါ၊ ရပ်တတ်သော, ထိုင်တတ်သော, လျောင်းတတ်= အိပ်တတ်သော, ကွေးတတ်သော ပုဂ္ဂိုလ်သတ္တဝါ၊ ဆန့်တတ်သော- ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှ ဆိတ်သုဉ်း၏။ စင်စစ်သော်ကား-

စိတ္တနာနတ္တမာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာ နတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ။

စိတ်ထူးခြားမှုကို အစွဲပြု၍ ဝါယောဓာတ်၏ ထူးခြားမှုသည် ဖြစ်၏၊ ဝါယောဓာတ် ထူးခြားမှုကြောင့် ဤကိုယ်ခန္ဓာ၏ လှုပ်ရှားမှု အထူးထူး အထွေထွေ ဖြစ်ပေါ်လေသည်။ ။ ဤကား- ဤ ဂါထာ၌ ပရမတ္ထသဘော အနက်အဓိပ္ပါယ်တည်း။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဤ ဂါထာဖြင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ = သုံးပါးကို ထင်ရှားပြတော်မူ၏၊ ပြတော်မူပုံမှာ—

သွား, ရပ်, ထိုင်, လျောင်း= ဣရိယာပုထ်လေးပါးတို့ အနက် တခုသော ဣရိယာပုထ်၌ကြာမြင့်စွာ နေသဖြင့် ကိုယ် ဆင်းရဲနာကျင်မှုသည် ဖြစ်ပေါ်လာ၏၊ ထိုကိုယ်ဆင်းရဲနာကျင် မှုကို ပယ်ဖျောက်ရန် အခြားဣရိယာပုထ်တပါးသို့ ပြောင်းလဲ မှုကို ပြုရတော့၏။ (ကိုယ်ဆင်းရဲနာကြင်မှု= ဒုက္ခသဘော လက္ခဏာကို ဣရိယာပုထ်ဖြင့် ဖုံးထားအပ်လေသည်၊ ဝါ- ဒုက္ခ သဘောလက္ခဏာမပေါ်နိုင်အောင် အခြားဣရိယာပုထ် တပါး ပါးဖြင့် ပြောင်းလဲဖုံးအုပ်၍ ထားလေသည်၊ ထို့ကြောင့် "ဒုက္ခ လက္ခဏာကို ဣရိယာပုထ် ဖုံးအုပ်သည်" ဟု ပညာရှိတို့ မိန့်ဆို တော်မူကြသည်)။ သို့ရကား "စရံ ဝါ ယဒိ ဝါ တိဋ္ဌံ" စသော ဂါထာသုံးပိုဒ်ဖြင့် ဣရိယာပုထ် တမျိုးတမျိုး ပြောင်းလဲဖုံးအုပ်၍

ထားအပ်သော ဒုက္ခလက္ခဏာကို ပြတော်မူ၏။ (ကိုယ်ဆင်းရဲသောကြောင့် ဣရိယာပုထ် အမျိုးမျိုး ပြောင်းလဲ ရသည်၊ သို့ရကား—ဣရိယာပုထ် အမျိုးမျိုးပြောင်းလဲရမှု တည်း ဟူသော အကျိုးကို ဖော်ပြသဖြင့် အကြောင်းဖြစ်သည့် ကိုယ်ဆင်းရဲမှု= ဒုက္ခလက္ခဏာကို သိရလေသည်)။

ထို့အတူ သွားသောအခါ၌ ရပ်ခြင်း စသည်တို့ မရှိသောကြောင့် "သောကာယဿ ဣဥ္စနာ=ဤသွား,ရပ်,ထိုင်, လျောင်း, ရွေ့,နှောင်းတတ်,ဆုတ်, ကွေးရပ်,ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာတည်း" ဟု ဟောတော်မူသော မြတ်စွာဘုရားရှင်သည် သန္တတိဖြင့် ဖုံးလွှမ်းအပ်သော အနိစ္စလက္ခဏာကို ပြတော်မူ၏။

ထင်ရှားစေဦးအံ့—ရုပ်နာမ်တရားတို့၏ အဆက်မပြတ်ဖြစ်ပွား နေမှုကို သန္တတိဟူ၍ ခေါ်ဆိုသည်၊ ယင်းသို့ ရုပ်နာမ်တို့၏ အဆက်မပြတ်ဖြစ်ပွားနေမှု= သန္တတိကြောင့် ထိုရုပ်နာမ်တရားတို့၏ သူ့ခဏနှင့်သူ ချုပ်ပျောက်ပျက်ဆုံး၍ သွားမှုတည်း ဟူသော=အနိစ္စလက္ခဏာကို မမြင်ရခြင်းဖြစ်သည်။

ထိုအကြောင်းကို အစွဲပြု၍ "**အနိစ္စလက္ခဏာကို သန္တတိ ဖုံးအုပ်ထားသည်**" ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။ "သောကာယဿ ဣဥ္စနာ=ဤသွား,ရပ်,ထိုင်,လျောင်း,ရွေ့,နှောင်းတက်, ဆုတ်,ကွေးရပ်,ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာအလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာတည်း" ဟု ဟောတော်မူလိုက်ခြင်းဖြင့်—

"ဣရိယာပုထ် အမူအရာတခုတခု၌ သဘောတူ**သော** နာမ်ရုပ် တစုတစု တို့ အဆက်မပြတ် ဖြစ်ပေါ်နေကြသည်။ ဣရိယာ

ပုထ်တပါး အမူအရာတပါး ပြောင်းလဲသွားသောအခါ ထို နာမ်ရုပ် တရား တို့သည် အစုလိုက် အစုလိုက်ပင် ပြောင်းလဲ၍ သွားကြသည်=ချုပ်ပျောက်၍ သွားကြသည်”-ဟူသော အနက် အဓိပ္ပါယ်ကို သိစေတော်မူ၏၊ ထို့ကြောင့် ထိုနောက်ဆုံး စတုတ္ထ ပိုဒ်ဖြင့် သန္တတိဖြင့် ဖုံးလွှမ်းထားသည့် အနိစ္စလက္ခဏာကို မြတ်စွာ ဘုရား ထင်ရှားပြတော်မူသည်ဟု အဓိပ္ပါယ်ကို သိရလေသည်။

ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ပရမတ္ထ သဘာဝ စင်စစ် အားဖြင့် သွားလို့၊ရပ်လို့၊ထိုင်လို့၊ လျောင်းလိုသော စိတ်ကြောင့် စိတ္တဇဝါယောဓာတ် ဖြစ်သည်၊ ထိုဝါယောဓာတ် တကိုယ်လုံး ပြန့်နှံ့သောကြောင့် သွားသော အမူအရာ, ရပ်သော အမူအရာ, ထိုင်သော အမူအရာ,လျောင်းသော အမူအရာဖြင့် ရုပ်အထူးတို့ ဖြစ်ကြသည်၊ ထိုသို့ဖြစ်ကြသည်ကိုပင် လောကပညတ်အားဖြင့် သွားသည်,ရပ်သည်, ထိုင်သည်,လျောင်းသည်, ရှေ့သို့တက်သည်, နောက်သို့ဆုတ်သည်, ကွေးသည်, ဆန့်သည် ဟူ၍ ခေါ်ဆိုအပ် လေသည်၊ ပရမတ္ထအားဖြင့်ကား ထိုထိုအကြောင်း စုပေါင်း ညီညွတ်သဖြင့် ရုပ်အထူးတို့ ဖြစ်ကြခြင်းသာဖြစ်သည်၊ ရုပ်နာမ် နှစ်ဖြာ ကိုယ်ခန္ဓာ၏ ဆိုင်ရာအကြောင်း စုပေါင်းညီညွတ်သဖြင့် ထိုထိုသွားခြင်း, ရပ်ခြင်း – စသော အမူအရာအားဖြင့် ရုပ်အထူး တို့၏ ဖြစ်ကြခြင်းသာဟု ဆိုလိုသည်။ ဤအချက်ကို လေးနက်စွာ မသိသောကြောင့် အတ္တဝါဒသမားတို့က “အတ္တလိပ်ပြာသည် ပင် သွား၏,ရပ်၏,ထိုင်၏,လျောင်း၏”ဟု ပြောဆိုကြလေသည်၊ ထိုသူတို့အလိုအားဖြင့် “အတ္တလိပ်ပြာ၏ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု”ဟု ဆိုကြသည်၊ ထိုကို မြတ်စွာဘုရားရှင်က “အတ္တ လိပ်ပြာ၏ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု မဟုတ်၊ သော

ကာယဿ ဣဋ္ဌနာ = ဤအပြုအမူ အလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှု ထိုထိုအကြောင်း စုပေါင်းညီညွတ်သဖြင့် ထိုထိုအမူအရာအားဖြင့် ရုပ်အထူးတို့၏ ထင်ရှားဖြစ်ပွားခြင်း မျှသာဖြစ်သည်”ဟု ဟောတော်မူသည်။

ထို့ကြောင့်— ရုပ်သွား, ရုပ်ရပ်, ရုပ်ထိုင်, ရုပ်အိပ် ဟု ဆိုရာ၌လည်း (ရုပ်တရားသည် ဖြစ်ပြီးလျှင် ပျက်သော သဘောသာ ရှိ၏) အမှန်စင်စစ် သွားသော အခြင်းအရာ, ရပ်သော အခြင်းအရာ, ထိုင်သောအခြင်းအရာ, အိပ်သော အခြင်းအရာ ထူးတို့ဖြင့် (ပရမတ္ထသဘော) ရုပ်တရားတို့ ဖြစ်ခြင်းကိုသာ ဆိုလိုသည်။ ။ (ပညာမျက်စိဖြင့်သာ သိမြင်နိုင်ရာ၏)။

ဈာန လေးပါး

ဤအရာ၌ (၁) သန္တတိဈာန (၂) သမူဟဈာန (၃) ကိစ္စဈာန (၄) အာရမဏဈာန ဟူ၍ ဈာန လေးပါးရှိသည်။

(၁) ထိုလေးပါးတို့တွင် ရှေ့နောက်ဖြစ်သော ရုပ်နာမ်တရားတို့၏ အခြားမရှိ အကြားမထင်သောအားဖြင့် တရားလုံးတခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်း စုလျက်တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သန္တတိဈာန မည်၏။

ဤ၌ “အခြားမရှိသောအားဖြင့် ဖြစ်ခြင်း” ဟူသည်မှာ ရှေ့တရား၏ ဘင်ခဏနှင့် ပြိုင်လျက် နောက်တရားကဖြစ်ခြင်း (တနည်း) ရှေ့တရား ချုပ်သည်၏ အခြားမဲ့မှာပင် နောက်

တရားက ထင်ရှားဖြစ်ခြင်းကို ဆိုလိုသည်။ ၎င်းကို (ပုရိမပစ္ဆိမာနံ နိရန္တရတာ=ရှေ့တရား နောက်တရားတို့၏ အကြားမရှိ ဖြစ်သည်၏ အဖြစ်) ဟူ၍ ဋီကာဆရာကြီးများ ခေါ်ဆိုအသုံးပြုတော်မူကြသည်။

ယင်းကဲ့သို့ အခြားမရှိ အကြားမထင်အောင် ဖြစ်ပွားခြင်းဖြင့် အဖြစ်တရားဖက်က အားရှိကာ ဖုံးလွှမ်းအပ်သကဲ့သို့ ဖြစ်၍ အပျက်တရားဖက်က မထင်ရှားသောကြောင့် "ယခု တွေ့မြင်ရသော တရားသည် ယခင်တွေ့မြင်ရသော တရားပင်တည်း"ဟု မှတ်ယူသောအနေဖြင့် လူများအပေါင်းတို့ ဖောက်ပြန်ထွေပြား အထင်မှား အမှတ်မှားကြရလေသည်။ ဤသဘောကို "ထင်းမီးစ တခုကိုကိုင်၍ ဝှေ့ရမ်းလျှင် မီးဝိုင်းကြီးဟုထင်ရမှု"က သက်သေခံလျက်ရှိသည်။ (ဤကား သန္တတိဃနတည်း)

(၂) ဖဿ-အစရှိသော နာမ်တရား,ပထဝီ-အစရှိသော ရုပ်တရားတို့၏ ထိုထိုနာမ်ကလာပ် ရုပ်ကလာပ်တို့၌ တပေါင်းတည်း တစုတည်းအနေဖြင့် ပရမတ္ထတရားသား တခုတည်းကဲ့သို့ ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သမူဟဃန မည်၏။

နာမ်တရား ရုပ်တရား တို့သည် ဖြစ်ပွားကြသောအခါ တရားလုံး(သဘာဝသတ္တိ) တခုတည်းသာ ဖြစ်ကြသည်မဟုတ်၊ နာမ် တရားဖက်ကလည်း အနည်းဆုံး ရှစ်မျိုး(စက္ခုဝိညာဉ်နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးကို ဆိုလိုသည်)။

ရုပ် တရားဖက်ကလည်း အနည်းဆုံး ရှစ်မျိုးပင် (အဋ္ဌကလာပ် ရုပ်ကို ရည်ညွှန်းသည်) ဖြစ်ပွားကြသည်၊ ယင်းကဲ့သို့

အနည်းဆုံး သဘာဝသတ္တိ ရှစ်မျိုးတို့ သဘာဝသတ္တိ တမျိုးတည်းဟု ထင်မှတ်ယူရအောင် စုလျက် ပေါင်းလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းကို သမူဟဃန ခေါ်သည်ဟု ဆိုလိုသည်။ (ဤကား သမူဟဃနတည်း)။

(၃) နာမ်ကလာပ် တခု တခု ရုပ်ကလာပ် တခု တခု၌ ပါရှိကြသည့် နာမ်တရား ရုပ်တရား အသီးသီးတို့သည် ဆိုင်ရာဆိုင်ရာ မိမိ မိမိတို့၏ ကိစ္စအလုပ်တို့ကို ပြုလုပ်ပြီးပြေစေကြလျက် ဖြစ်ပွားကြလေသည်၊ ထိုသို့ဖြစ်ပွားကြရာ၌ (အဘိဓမ္မာ ဉာဏ်ပညာမျက်စိ မရှိသောသူတို့ အဖို့မှာ) ဤကား ဖဿ၏ အလုပ်ကိစ္စ, ဤကား ဝေဒနာ၏အလုပ်ကိစ္စ,ဤကား သညာ၏ အလုပ်ကိစ္စ-စသည်ဖြင့်ရင်း,

ဤကား ပထဝီ၏ကိစ္စ, ဤကားအာပေါ၏ကိစ္စ, ဤကား ဝါယော၏ကိစ္စ, ဤကားတေဇော၏ကိစ္စ-စသည်ဖြင့်ရင်း အလုပ်ကိစ္စအထူးကို သိဘို့ရန် ခဲယဉ်းလှကုန်၏၊ ယင်းသို့ နာမ်တရား ရုပ်တရားတို့၏ မိမိ မိမိတို့၏ ဆိုင်ရာကိစ္စအထူးကို သိနိုင်ခဲသော အနေဖြင့် တရားလုံး တခုတည်းဟု ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားမှုကို ကိစ္စဃန ခေါ်သည်။ (ဤကား ကိစ္စဃနတည်း)။

(၄) နာမ်ကလာပ် တခုတခု၌ ပါရှိသော ထိုထို နာမ်တရားတို့၏ အာရုံတခုကို စု၍ ပေါင်း၍ အာရုံပြုသော အနေဖြင့်ရင်း, ရုပ်ကလာပ် တခုတခု၌ ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံတခုတည်း အနေဖြင့်ရင်း ပရမတ္ထတရားသား (သဘာဝသတ္တိ)တခုတည်းဟု ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက်

ဖြစ်ပွားခြင်းကို အာရမ္မဏဈာန ခေါ်သည်။ (ဤကား အာရမ္မဏ ဈာနတည်း)။

အချုပ်အားဖြင့် အကြောင်းပစ္စည်းတရား အကျိုး ပစ္စယုပ္ပန်တရား အနေဖြင့် ဖြစ်ပွားကြသည့် များစွာသော ရုပ်နာမ် တရားတို့၏ ကာလအားဖြင့်, သဘာဝအားဖြင့်, ကိစ္စအားဖြင့်, အာရုံသဘောအားဖြင့်, အထူးအပြားကို သိနိုင်ခဲသော အနေ အားဖြင့် တရားလုံး တရားသား တခုတည်းကဲ့သို့ ထင်မှတ်ယူရ အောင် ဖြစ်ပွားခြင်းကို အစဉ်အတိုင်း သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃန ဟူ၍ ခေါ်ဆိုအပ်လေသည်။ ။(ဤ ဃနလေးပါးအကြောင်းကို ဓမ္မသင်္ဂဏီ မူလဋီကာ စာမျက်နှာ ၆၀-နှင့် ဓမ္မသင်္ဂဏီ အနုဋီကာ စာမျက်နှာ ၆၆-တို့မှ ထုတ်နုတ် ဖော်ပြအပ်သည်)။

"ငရုပ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတည့်၊ သိမြင် ဘိသို့(ရှုမျှော်ကြည့်သို့)၊သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထကို (ပရမတ္ထမှာ)"

ဟူသောအတိုင်း ထိုထို နာမ် ရုပ် တရားတို့၏ သဘာဝ သတ္တိကို ဉာဏ်မျက်စိဖြင့် ရှုကြည့်နိုင်မှ ပရမတ္ထသို့ အမြင်ဆိုက် ရောက်သည်၊ ပရမတ္ထသို့ အသိဉာဏ် အမြင်ဆိုက်ရောက်မှ ဃန ပြိုသည်၊ ဃနပြိုမှ အနတ္တ အသိဉာဏ်ကို ရနိုင်သည်။ သဘာဝ သတ္တိကို ဉာဏ်မျက်စိဖြင့် မရှုကြည့်က ပရမတ္ထသို့ အမြင်မဆိုက်၊ ပရမတ္ထသို့ အသိဉာဏ်အမြင်မဆိုက်လျှင် ဃနမပြို၊ ဃနမပြိုလျှင် အနတ္တအသိဉာဏ်ကို မရနိုင်၊ ထို့ကြောင့် "အနတ္တလက္ခဏာကို ဃန ဖုံးသည်"ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။

ဤဂါထာ၌ မြတ်စွာဘုရားရှင်သည် စတုတ္ထပါဒ "သော ကာယဿ ကုဋူနာ = ဤအပြုအမူ အလုံးစုံသည် ပုဂ္ဂိုလ် သတ္တဝါ အတ္တလိပ်ပြာ၏ အပြုအမူမဟုတ်၊ စင်စစ်သော်ကား ထိုထိုရုပ်နာမ်တရားအစု၏ ဆိုင်ရာဆိုင်ရာ မိမိ မိမိ တို့၏ အလုပ်ကိစ္စကို ပြုလုပ်ပြီးပြေစေသောအားဖြင့် ဖြစ်ပွားမှု = လှုပ်ရှားမှု သာတည်း"ဟု ဟောတော်မူလိုက်သဖြင့် ဃနဖြင့် ဖုံးလွှမ်းအပ်သော အနတ္တလက္ခဏာသဘောကို ပြတော်မူ၏။ ဤအရာစုကား နက်နဲဘိတောင်း။

သာမန်ဉာဏ်မျက်စိဖြင့် မသိနိုင်ချေ။ ။

ပြီး၏။

ပဉ္စမအကြိမ်၊ အုပ်ရေ ၅၀၀၀

၁၉၇၂-ခု၊ ဒီဇင်ဘာလ

စမ္ပဒါန

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၅၅၅၅

ကင်းလွတ်ခွင့် ၀၁၇၃၄

ထုတ်ဝေသူ။ ။ဦးထွန်းလှိုင်
အမှတ် ၁၊ ၄-လမ်း၊ သမိုင်းမြို့မဈေး၊ ရန်ကုန်။

(၀၁၁၁) သင့်ဘဝစာပုံနှိပ်တိုက်
၁၇-မဿကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်